# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၃၈)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ၇-၁၁-၂၀၂၄၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)


ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား

ယနေ့ကျရောက်သော (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများကိုပိုင်ဆိုင်သည့် စာမျက်နှာ ၃ သို့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေး၊ ကြိုဆိုညစာစားပွဲ တက်ရောက်

### နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အရေးပါပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည်



နေပြည်တော် နိုဝင်ဘာ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Haigeng Garden Hotel ၌ တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၄ သို့

### လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၇ ရက် ၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

## ပြည်သူ့ဆေးရုံများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေး အစဉ်အလေးထား ဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထုအတွင်း ကူးစက်ရောဂါများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ ပုံမှန်ကာကွယ်ဆေးထိုးဆေးတိုက်လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိသကဲ့သို့ ရောဂါများဖြစ်ပွားလာပါကလည်း အချိန်မီ ထိရောက်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်သူ့ဆေးရုံများကို စွမ်းအားပြည့်လုပ်ငန်းလည်ပတ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် ကင်ဆာရောဂါကုသမှုလုပ်ငန်းနှင့်ပတ်သက်၍ ဓာတ်ရောင်ခြည်ကုထုံးများဖြင့် ကုသမှုပေးနိုင်ရန်အတွက် လိုအပ်သောကင်ဆာဓာတ်ရောင်ခြည်စက်ကြီးများအား နိုင်ငံတော်အစီအစဉ်ဖြင့် တိုးမြှင့်တပ်ဆင်ပေးလျက်ရှိရာ မကြာမီ လုပ်ငန်းများ စတင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဆေးရုံများတွင် ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းအသစ်များအား တိုးချဲ့တပ်ဆင်နိုင်ရေး၊ ဆေးရုံအဆောက်အအုံများ တိုးချဲ့တည်ဆောက်နိုင်ရေး၊ ဆေးဝါးများ၊ ရောဂါရှာဖွေရေးလုပ်ငန်းများ တိုးမြှင့်ထောက်ပံ့နိုင်ရေး စသည်တို့အတွက် နှစ်စဉ် နိုင်ငံတော်က ရန်ပုံငွေများ တိုးမြှင့်ချထားပေးလျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနကုသရေးဦးစီးဌာနက ကျင်းပသည့် ပြည်သူ့ဆေးရုံများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ(Hospital Development Symposium)ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ပြည်သူ့ဆေးရုံများအနေဖြင့် လူနာများ ကုန်ကျစရိတ်နည်းပါးစွာဖြင့် ဆေးကုသမှုခံယူနိုင်ရေး၊ နိုင်ငံတော်က ခွဲဝေချထားပေးသော ရန်ပုံငွေများကို ပြည်သူလူထုအတွက် အကျိုးရှိစွာသုံးစွဲရေး၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ လူနာများ ဘေးကင်းလုံခြုံရေးနှင့်၊ စိတ်ကျေနပ်မှုရရှိစေရေး၊ ပြည်သူ့အတွက် ပြည်သူ့ဆေးရုံများဖြစ်လာစေရေး နည်းလမ်းပေါင်းစုံဖြင့် ကြံဆဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ပြည်သူ့ဆေးရုံများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ (Hospital Development Symposium)ကို နိုဝင်ဘာ ၅ ရက်မှ ၈ ရက်အထိ ကျင်းပလျက်ရှိသည်။ သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်း သက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးနှင့် ပြည်သူလူထု၏ မျှော်မှန်းသက်တမ်း တိုးတက်မြင့်မားလာစေရေးအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ တိုးမြှင့်ဆောင်ရွက်ပေးခြင်းနှင့် ပြည်သူ့ဆေးရုံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ၇၇ ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး ကျင်းပမည်



**မန္တလေး နိုဝင်ဘာ ၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ၇၇ ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက သာသနာရေးဦးစီးဌာန၊ စာမေးပွဲဌာနခွဲ၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၄၃၁၉၀၁၉၃ သို့ ဆက်သွယ်နိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

"ရွေးချယ်ရေး စာမေးပွဲကို ၃၃ ရက်ကြာ ကျင်းပသွားမှာပါ။ ဖွင့်ပွဲအခမ်းအနားနဲ့ စာပြန်ပွဲမှာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးနှစ်ပါး၊ တိပိဋကဓရ၊တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီး ၁၁ ပါး၊ ပုစ္ဆာက ဆရာတော် ၄ ပါးနဲ့ ကြီးကြပ်ရေးဆရာတော် လေးပါးတို့ ပါဝင်မှာဖြစ်ပါတယ်" ဟု တာဝန်ရှိသူက ပြောသည်။

ထို့အပြင် စာထောက်ဆရာတော် အပါး ၁၆၀၊ အာဂုံပြန်စာရင်းသွင်းထားသော သံဃာအပါး ၂၇၀၊ သဘောရေးဖြေ စာရင်းသွင်း သံဃာ ၂၃၈ ပါး၊ စုစုပေါင်း ၆၈၉ ပါး ကြွရောက်တော်မူမည်ဖြစ်ပြီး စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးတွင် စာပြန်ပွဲနှင့် သုံးထပ်ဆွမ်းစားဆောင်တွင် ဆွမ်းဆက်ကပ်ခြင်းတို့ ပြုလုပ်မည်ဟု သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

၀-၀-၀-၀-၀

## ၂၀၂၄ ခုနှစ်တက္ကသိုလ်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၆**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ချမ်းအေးသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးအေးလင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီးနောက် တာဝန်ရှိသူများ ဂုဏ်ထူးရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဆုများအသီးသီး ချီးမြှင့်ခဲ့ကြသည်။




၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ချမ်းအေးသာစံမြို့နယ်အနေဖြင့် အောင်ချက် ၇၈ ဒသမ ၅၈ ရာခိုင်နှုန်းရရှိခဲ့ပြီး ၆ ဘာသာဂုဏ်ထူးရှင် ၂၂ ဦး၊ ၅ ဘာသာဂုဏ်ထူးရှင် ၃၆ ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် ၅၂ ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ၂၈ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၂၄ ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် ၅၉ ဦး၊ ရိုးရိုးအောင် ၃၁၁ ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၄)

## ရွှေဟောင်းဘုန်းတော်ကြီးကျောင်းများအကြောင်း ဟောပြောပို့ချသည့်သင်တန်းမှ သင်တန်းသားများ ကွင်းဆင်းလေ့လာ

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေး၊ ရွှေနန်းတော်ကျောင်းကြီးနှင့် ရွှေဟောင်းဘုန်းတော်ကြီးကျောင်းများ၏ သမိုင်းဝင်အမွေအနှစ်လက်ရာများအကြောင်း ဟောပြောပို့ချသည့် သင်တန်းမှ သင်တန်းသူ၊ သင်တန်းသားနှင့် ကြီးကြပ်သူများ အပါအဝင် ၆၀ ဦးတို့သည် ယနေ့ လက်တွေ့ကွင်းဆင်းကာ လေ့လာသင်ကြားမှုများပြုလုပ်ခဲ့သည်။

ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)တွင် အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၈ ရက်ထိ ဟောပြောပွဲပြုလုပ်ခြင်းဖြစ်ရာ ရွှေဟောင်းသုတေသနပညာရှင် ဦးပေါက်ပေါက်က ဟောပြောပို့ချပေးနေခြင်းဖြစ်သည်။

"သင်တန်းက ရွှေနန်းတော်ကျောင်းကြီးနဲ့ ရွှေဟောင်းဘုန်းတော်ကြီးကျောင်းတွေရဲ့ သမိုင်းဝင် အမွေအနှစ်လက်ရာတွေကို ဆရာဦးပေါက်ပေါက်က ဟောပြောသင်ကြားပါတယ်။ ဒီနေ့မှာ လက်တွေ့ ကွင်းဆင်းလေ့လာသင်ကြားပေးရင်းနဲ့ ဘယ်လောက်မှတ်မိလည်းဆိုတာကို အုပ်စုလိုက်ခွဲပြီး ဆရာမေးတဲ့ မေးခွန်းတွေ ဖြေရပါတယ်" ဟု သင်တန်းသားတစ်ဦးက ပြောသည်။

ယနေ့ ကွင်းဆင်းလေ့လာခဲ့သည့် ရွှေဟောင်းသမိုင်းဝင်ကျောင်းများမှာ ပထမအနေဖြင့် ရွှေနန်းတော်ကျောင်းကြီး၊ ဒုတိယ သစ်ဆိမ့်တိုက်၊ တတိယအနေဖြင့် ယောမင်းကြီးကျောင်းတိုက်တို့ဖြစ်ကြောင်း၊ အဆိုပါကျောင်းများတွင် ရတနာပုံခေတ်လက်ရာကျောင်းများဖြစ်ပြီး ဥရောပဟန်ရောနှောတည်ဆောက်မှုများလည်းရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၉)

၀-၀-၀-၀-၀-၀



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

○ ရှေ့ဖုံးမှ

အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ဖြစ်ပါသည်။ နိုင်ငံတော်အတွင်းရှိ တိုင်းရင်း သားညီအစ်ကိုမောင်နှမအားလုံးတို့သည် နိုင်ငံ၏နေရာဒေသ အသီးသီးတွင် ဥမကွဲသိုက်မပျက်၊ စည်းလုံးညီညွတ်စွာယှဉ်တွဲ၍ စုပေါင်းနေထိုင်လာခဲ့ကြသည်ကို သမိုင်းအထောက်အထားများက ခိုင်မာစွာသက်သေပြလျက်ရှိပါသည်။

ကရင်ပြည်နယ်တွင်လည်း ကရင်တိုင်းရင်းသားတို့သည် အခြားတိုင်းရင်းသားများနှင့်အတူ ရှေးယခင်ကတည်းကပင် ချစ်ခင်ရင်းနှီးစွာ အတူတကွ နေထိုင်လာခဲ့ကြပါသည်။ ၁၈၈၅ ခုနှစ်တွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရပါသည်။ ထိုသို့ လွတ်လပ်ရေးဆုံးရှုံးပြီးနောက် ပြည်ထောင်စုကြီး၏ ဒေသအသီးသီးတွင်နေထိုင်သည့် တိုင်းရင်းသားလူမျိုးများသည် မျိုးချစ်စိတ်ဓာတ်၊ သူ့ကျွန်မခံလိုသည့် စိတ်ဓာတ်တို့ဖြင့် ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့ကို စည်းလုံးညီညွတ်စွာဖြင့် တွန်းလှန်တိုက်ထုတ်ခဲ့ကြပြီး လွတ်လပ်ရေးကို အတူတကွရယူခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းတိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွဲ့စည်းတည်ထောင်ခဲ့ရာ ကရင်တိုင်းရင်းသားအများစု နေထိုင်သည့်ဒေသများကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ပေးရန် စတင်ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေအမှတ် ၆၂ အရ သံလွင်ခရိုင် ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ယင်းနောက် ၁၉၅၂ ခုနှစ် ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေး အက်ဥပဒေအမှတ် ၁၄ အရ သံလွင်ခရိုင်နှင့် ဆက်စပ်ဒေသများဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကို ဒုတိယအဆင့် တိုးချဲ့သတ်မှတ်ခဲ့ပြီး (၆) မြို့နယ်ဖြင့်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် မြဝတီမြို့အားမြို့နယ်တစ်ခုအဖြစ်သတ်မှတ်ခဲ့၍ စုစုပေါင်းမြို့နယ် (၇) မြို့နယ်ဖြင့်လည်းကောင်း အဆင့်ဆင့်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ကရင်ပြည်နယ်ကို မွေးဖွားသန့်စင်သောနေ့ဖြစ်သည့် ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည့် ၁၉၅၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် ဂုဏ်ယူသတ်မှတ်ပြီး နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ခြင်းဖြစ်ပြီး ယနေ့ဆိုလျှင် (၆၉)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ယခင်က ခရိုင်(၄)ခရိုင်နှင့် မြို့နယ် (၇)မြို့နယ်တို့ဖြင့် ဖွဲ့စည်းထားသော ကရင်ပြည်နယ်ကြီးကို မိမိတို့တာဝန်ယူပြီးနောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကိုခရိုင်အဆင့်တိုးမြှင့်ပြီး ခရိုင် (၆) ခရိုင်ဖြင့် တိုးချဲ့ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်းတွင် ကရင်တိုင်းရင်းသားများနှင့်အတူ ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ မွန် အစရှိသည့် တိုင်းရင်းသားများသည် အတူတကွ ချစ်ကြည်အေးချမ်းစွာ နေထိုင်လျက်ရှိပါသည်။ ကရင်ပြည်နယ်သည် နိုင်ငံ၏အရှေ့တောင်ဘက်တွင် တည်ရှိပြီး ရာသီဥတုမျှတကောင်းမွန်၍ သဘာဝအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများ၊ ရေတံခွန်စိမ့်စမ်းများ၊ မြင့်မားစိမ်းစိုသည့် တောင်တန်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများရှိသည့်အပြင် ဖွဲကပင်တောင်၏ သဘာဝအလှတရားသည်လည်း ကရင်ပြည်နယ်၏ အမှတ်သင်္ကေတတစ်ခုအဖြစ် တည်ရှိနေပါသည်။ ထို့ပြင် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် စေတီပုထိုးများနှင့် လှပသောသဘာဝ လိုဏ်ဂူများ၊ ချစ်ခင်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို ပိုင်ဆိုင်ထားသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။ ကရင်တိုင်းရင်းသားဆိုသည်နှင့် ရွှင်မြူးတက်ကြွဖွယ် ကရင်ဒုံးအကသည် ဖားစည်သံနှင့်အတူ ဖွဲကပင်တောင်တည်ရှိရာနေရာ အထင်ကရဒေသအဖြစ် ပြည်တွင်း၌သာမက ပြည်ပတွင်ပါ ထင်ရှားပါသည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားညီနောင်များအချင်းချင်း အထင်အမြင်လွဲမှားကာ ကရင်ပြည်နယ်အတွင်းတွင်လည်း လက်နက်ကိုင်ပဋိပက္ခများဖြင့် မတည်ငြိမ်၊ မအေးချမ်းသည့်ကာလများရှိခဲ့ပါသည်။ နောက်ပိုင်း နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ရရှိစေပြီး NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်ခဲ့ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးပြီး လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ယနေ့နိုင်ငံတော်တွင် ကြုံတွေ့နေရသည့် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကို လက်နက်ဆွဲကိုင်ပြီး တိုက်ပွဲများ၊ အကြမ်းဖက်မှုများဖြင့် ဖြေရှင်းနေကြခြင်းကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများသာ ဆင်းရဲဒုက္ခမျိုးစုံခံစားနေရခြင်းဖြစ်ရာ တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး အဖြေရှာခြင်းနည်းလမ်းဖြင့် NCA လမ်းကြောင်းအတိုင်း လိုက်ပါဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်သူများအား အသိပေးတိုက်တွန်းလိုပါသည်။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများကြားမှ ပိုမိုကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် **“လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်”** ဟူသည့် ရှေ့လုပ်ငန်းစဉ် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နိုင်ငံရေးဦးတည်ချက်များနှင့်အညီ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲစနစ် ဖြစ်စေရန် ဖော်ဆောင်လျက်ရှိပါသည်။ သို့ဖြစ်ရာ မိမိတို့နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားမိဘပြည်သူများက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် အလေးထားတိုက်တွန်း မှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများနှင့် မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား**

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးနှင့် ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်စေရေးစသည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးကဏ္ဍတွင် ပြည်တွင်းပြည်ပ ကုန်သွယ်ရေးလုပ်ငန်းများကို ပင်လယ်ရေကြောင်းမှ ဆောင်ရွက်နေသကဲ့သို့ ကရင်ပြည်နယ်အပါအဝင် နယ်စပ်ဒေသများမှလည်း ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုတွင် ကိန်းဂဏန်းများအရ အပေါင်းလက္ခဏာ တိုးတက်မှုရှိခဲ့သော်လည်း နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများ နေ့စဉ်ရှိနေသည့်အတွက် နိုင်ငံ့စီးပွားရေးကို ထိခိုက်စေခဲ့ပြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို တွေ့ရှိရပါသည်။ နယ်စပ်ဒေသကုန်သွယ်ရေးတွင် လမ်းခရီး၌ မလိုလားအပ်သော ကုန်ကျစရိတ်များကြောင့် ကုန်ဈေးနှုန်းများမြင့်တက်နိုင်သဖြင့် အဟန့်အတားများ မဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါသည်။

> ❖ **နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးနှင့် ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်စေရေးစသည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**
>
> ❖ **စီးပွားရေးကဏ္ဍတွင် ပြည်တွင်းပြည်ပကုန်သွယ်ရေးလုပ်ငန်းများကို ပင်လယ်ရေကြောင်းမှ ဆောင်ရွက်နေသကဲ့သို့ ကရင်ပြည်နယ်အပါအဝင် နယ်စပ်ဒေသများမှလည်း ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိ**
>
> ❖ **ကုန်သွယ်မှုတွင် ကိန်းဂဏန်းများအရ အပေါင်းလက္ခဏာ တိုးတက်မှုရှိခဲ့သော်လည်း နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများ နေ့စဉ်ရှိနေသည့်အတွက် နိုင်ငံ့စီးပွားရေးကို ထိခိုက်စေခဲ့ပြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို တွေ့ရှိရ**
>
> ❖ **နယ်စပ်ဒေသကုန်သွယ်ရေးတွင် လမ်းခရီး၌ မလိုလားအပ်သော ကုန်ကျစရိတ်များကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်နိုင်သဖြင့် အဟန့်အတားများမဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ပူးပေါင်းကူညီဆောင်ရွက်**

ထို့ပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါသည်။ စပါးစိုက်ပျိုးရာတွင်လည်း ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိစေရန်ဆောင်ရွက်ပြီး ပြည်တွင်းဆန်ဖူလုံမှုသာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေး မဖြစ်မနေဆောင်ရွက်ရမည် ဖြစ်ပါသည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSMEs) လုပ်ငန်းများ စာမျက်နှာ ၄ သို့ ○

✪ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်အား တရုတ်ပြည်သူ့သမ္မတ နိုင်ငံဝန်ကြီးချုပ်က လှိုက်လှဲ နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြ သည်။

### ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်

ထို့နောက် ဆွေးနွေးပွဲကို စတင် ကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အဆွေတော် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ အား မိမိတို့အနေဖြင့် လှိုက်လှဲ နွေးထွေးစွာ ကြိုဆိုပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ သည် တောင်ရေမြေချင်း ထိစပ်နေပြီး နက်ရှိုင်းသည့်ဆွေမျိုး ပေါက်ဖော်ဆက်ဆံရေး ထူထောင် ခဲ့ကြပါကြောင်း၊ နိုင်ငံရေးအရ ပြောင်းလဲဖြစ်ပေါ်မှုများ၊ စိန်ခေါ်မှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံ ဆွေးနွေးစဉ်။

များကို နှစ်နိုင်ငံအကြား ခိုင်မြဲ သည့်ဆက်ဆံရေးဖြင့် အတူတကွ လက်တွဲ ကျော်ဖြတ်နိုင်ခဲ့ကြပြီး ဆက်လက်၍လည်း ချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု များကို တိုးမြှင့်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ပြောကြားသည်။

**❖ ယနေ့တွေ့ဆုံမှု၌ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည် ရင်းနှီးမှုနှင့် ဆွေမျိုးပေါက်ဖော် ပူးပေါင်းဆောင်ရွက် မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေးနိုင်ကာ နှစ်နိုင်ငံ အကြားသာမက ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့၌ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက် သွားနိုင်မည်ဟု ယုံကြည်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်က ပြန်လည်ပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ နှင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့ ကိုယ်စားလှယ်အဖွဲ့၏ ယခုခရီးစဉ် အတွင်း ညှော်ဝတ်ကျေပွန်စွာ စီစဉ် ဆောင်ရွက်ပေးမှုများ အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ တည်ထောင် ခြင်း (၇၅)နှစ်မြောက်နှစ်ပတ်လည် နေ့ အထိမ်းအမှတ်အခမ်းအနား နှင့် အကြိမ် (၂၀) မြောက် တရုတ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ တတိယအကြိမ် မျက်နှာစုံညီ အစည်းအဝေးတို့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် မိမိ အနေဖြင့် ဝမ်းမြောက်စွာ ဂုဏ်ပြု ပါကြောင်း၊ **ယနေ့တွေ့ဆုံမှု၌ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည် ရင်းနှီးမှုနှင့် ဆွေမျိုးပေါက်ဖော် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စ ရပ်များ ဆွေးနွေးနိုင်ကာ နှစ်နိုင်ငံ အကြားသာမက ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့၌ ပိုမို နီးကပ်စွာ ပူးပေါင်းဆောင်ရွက် သွားနိုင်မည်ဟု ယုံကြည်ပါ** ကြောင်း၊ တရုတ်နိုင်ငံတည်ထောင် ခဲ့သည့် နှစ်ပေါင်း(၇၀)ကျော်ကာလ အတွင်း၌လည်း တရုတ်တစ်နိုင်ငံ တည်းမူဝါဒကို အောင်မြင်စွာ ကျင့်သုံးနိုင်ခဲ့ပြီး တရုတ်နိုင်ငံ အစိုးရအတွက် အလွန်အရေးကြီး သည့် မူဝါဒတစ်ရပ်ဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် တရုတ် တစ်နိုင်ငံတည်းမူဝါဒကို အစဉ် အမြဲထောက်ခံနေမှုအား လေးနက် စွာ ထပ်လောင်းပြောကြားလို ကြောင်း။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့ သည့် ရာဂီမုန်တိုင်းအရှိန်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် တရုတ်နိုင်ငံအနေဖြင့် ကူညီ ထောက်ပံ့ပေးခဲ့မှုများကို အထူး ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံ ကြသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံ အနက် တရုတ်နိုင်ငံသည် ဒုတိယ အများဆုံး ရင်းနှီးမြှုပ်နှံသည့်နိုင်ငံ ဖြစ်၍ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံ မှုများ၊ စီမံကိန်းများနှင့် နိုင်ငံသား များ၏ စာမျက်နှာ ၅ သို့ ✪

○ စာမျက်နှာ ၃ မှ

တိုးတက်အောင်မြင်မှုရရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းများကို နည်းပညာနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးကို တိုးတက်စေမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အတွင်း အခြေခံ ရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော MSMEs လုပ်ငန်း များကို ပြည်နယ်အစွန်အဖျားပါမကျန် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အပါအဝင် အခြား တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင် ရေးကို အားလုံးဆောင်ရွက်သွားကြရမှာ ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက် ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ် နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာ မည်ဖြစ်သဖြင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် လူသား အရင်းအမြစ်များ လိုအပ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ပညာတတ်များ မွေးထုတ်နိုင်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံ အတွက် လိုအပ်လျက်ရှိသော ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးကဏ္ဍကို ဘက်စုံပညာရေး အဖြစ် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအနေဖြင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ် ချိန်၌ ၇၀ ရာခိုင်နှုန်းခန့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၉၂ ရာခိုင်နှုန်း ကျောင်းတက်ရောက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဆူပူအကြမ်းဖက်မှုများနှင့် သဘာဝဘေးအန္တရာယ် ကြောင့် ယာယီရပ်ထားရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် လည်း ကျောင်းသားများအား အချိန်ပိုများသင်ကြားစေပြီး အမှန် တကယ် စာတတ်မြောက်စေရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးနှင့်အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာ ပြည်သူအားလုံးအနေဖြင့် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်အယူအဆများ ပြည့်ဝ မှန်ကန်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေးနှင့် ဗလငါးတန်နှင့်ပြည့်ဝသော လူငယ်များ ဖြစ်အောင် ပြုစုပျိုးထောင်ရာတွင် အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက် ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အခက်အခဲအကျပ်အတည်းများ၊ သဘာဝဘေး အန္တရာယ်များကြောင့် ကြုံတွေ့ရသည့် အခက်အခဲအကျပ်အတည်း များကို ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျော်ဖြတ် နိုင်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသား များ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက်လည်း လူတိုင်းကျန်းမာရေးကောင်းမွန်ရန်၊ ပညာရေးကောင်းမွန်ပြီး အလုပ် အကိုင်များရရှိကာ လူတိုင်းဝင်ငွေရရှိစေရန်၊ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင် စေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသား ပြည်သူ တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်မှသာ နိုင်ငံ့ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားတိုးတက်ရေး ကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကဏ္ဍအလိုက်နှင့် ဒေသ အလိုက် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါ သည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် နိုင်ငံတော် အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်ဖျက်ဆီးမှုအန္တရာယ်များကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများကပါ ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန် အလေးထားတိုက်တွန်းအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်လူမျိုးအပေါ် ကျရောက်လာမည့် မည်သည့်အခက်အခဲ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်း သားများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော မျိုးချစ်စိတ်ဓာတ်တို့ဖြင့် တိုင်းရင်းသားပြည်သူများနှင့်အတူ အခိုင် အမာ ရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဟု ယုံကြည်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ကရင်ပြည်နယ်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါသည်။ နိုင်ငံ၏ အားသည် နိုင်ငံအတွင်းမှာပင်ရှိသလို ပြည်နယ်၏အင်အားသည်လည်း ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စုပေါင်း အားပင်ဖြစ်ပါသည်။ ထို့ပြင် ယနေ့အချိန်တွင် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော နိုင်ငံတော်ကြီးအား စစ်မှန်စည်းကမ်းပြည့်ဝ သည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရေး တို့အတွက် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကျော်လွှားပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ၏ စုပေါင်းစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြ သော တိုင်းရင်းသားပြည်သူအားလုံး ယနေ့ကျရောက်သော (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရယူခံစားနိုင်သူများဖြစ်ကြပါစေ။ ငြိမ်းချမ်းသာယာ ပြီး ဖွံ့ဖြိုးတိုးတက်သောပြည်ထောင်စုကြီးအတွင်းမှ ဂုဏ်ယူဖွယ်ရာ ပြည်နယ်ကြီးအဖြစ် တည်ရှိနေစေရေး စည်းစည်းလုံးလုံး ညီညီ ညွတ်ညွတ်ဖြင့် ဖော်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

✪ စာမျက်နှာ ၄ မှ

လုံခြုံဘေးကင်းရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် နည်းပညာ အကူအညီများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ စွမ်းအင်ကဏ္ဍလုံခြုံရေးအတွက်ဆက်လက်ဆွေးနွေးပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူဆယ်-မန္တလေး-ကျောက်ဖြူ ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်းအား နယ်မြေဒေသ အခြေအနေအရ စတင်ဖောက်လုပ်နိုင်မည့်နေရာများ၌ လုပ်ငန်းစတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိကူမင်းမြို့သို့ ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေသည့် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ၊ ဆောင်ရွက်လိုသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ရာ စီးပွားရေးအရ တက်ကြွသည့်အမြင်များနှင့် ထက်သန်သည့် ပူးပေါင်းဆောင်ရွက်မှုများကို တွေ့မြင်ခဲ့ရကြောင်း၊** မြန်မာဘက်မှ လိုအပ်သောအကူအညီနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအရ စီးပွားရေးစင်္ကြံ တည်ဆောက်မှု စီမံချက်အား မြန်မာဘက်မှ အလေးထား ဆောင်ရွက်နေကြောင်းပြောကြားပြီး စိုက်ပျိုးရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍတို့တွင် လုပ်ဆောင်လိုသည့် အစီအမံများအား အသေးစိတ်ညှိနှိုင်းပြောကြားသည်။

ဆက်လက်ပြီး ငြိမ်းချမ်းရေးကဏ္ဍနှင့်ပတ်သက်၍ မြန်မာ့တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်ကတည်းကစတင်ကာ အပစ်အခတ်ရပ်စဲရေးကို တစ်ဖက်သတ်ကြေညာခဲ့ပြီး ငြိမ်းချမ်းရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ အပစ်အခတ်ရပ်စဲရေးကြေညာထားသည့်ကာလအတွင်း လက်နက်ကိုင် အဖွဲ့များက တိုက်ခိုက်မှသာ တပ်မတော်မှ တုံ့ပြန် တိုက်ခိုက်ခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ MNDAA၊ TNLA နှင့် AA သောင်းကျန်းသူအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံအစိုးရ၏ ၂၀၂၂ ခုနှစ် ဧပြီလက ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ငြင်းပယ်ပြီး MNDAA အနေဖြင့် ၎င်းတို့၏ အထူးဒေသ (၁) ပြန်လည်အသက်သွင်းနိုင်ရေး ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဒေသတွင်ရှိသည့် တပ်မတော်လုံခြုံရေးတပ်စခန်းများနှင့် ချင်းရွှေဟော်မြို့ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် အင်အားသုံး စတင်တိုက်ခိုက်ခဲ့ကြောင်း၊ တရုတ်အစိုးရ၏ ကြားဝင်စေ့စပ်မှုဖြင့် ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိခဲ့သော်လည်း ၎င်းတို့အနေဖြင့် သဘောတူညီချက်ကို ချိုးဖောက်ကာ မြို့ရွာများကို ဆက်လက်တိုက်ပွဲဖော်ဆောင်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားပါက မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်ထားပြီး ဆွေးနွေးရန် အသင့်ရှိပါကြောင်း၊ **လက်နက်ကိုင်အကြမ်းဖက်သမားများအနေဖြင့် ဖြစ်လိုသည်ကို ရှေ့တန်းတင်မည့်အစား ဖြစ်သင့်သည်ကို လုပ်ဆောင်ကြရန်လိုကြောင်း၊ MNDAA၊ TNLA နှင့် AA အဖွဲ့သုံးဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးကို လိုလားကြောင်း ရှင်းလင်း ပြတ်သားသည့် လုပ်ဆောင်ချက် ပြသလာမှသာ လျှင် မိမိတို့အနေဖြင့် ဆွေးနွေးမှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသ တည်ငြိမ်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည်ဒေသနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အရေးပါပြီး တည်ငြိမ်အေးချမ်းမှု ရှိမှသာလျှင် စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည် ဖြစ်ကြောင်း၊** ထို့ကြောင့် နယ်စပ်ဒေသရှိ လက်နက်ကိုင်များ၏ အထောက်အပံ့များဖြစ်သည့် တရားမဝင်လုပ်ငန်းများ၊ တရားမဝင် ကုန်သွယ်မှုများကို တိုက်ဖျက်ရှင်းလင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးသည် အရေးပါပြီး တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ယွမ်-ကျပ် တိုက်ရိုက်ကုန်သွယ်မှုကိုလည်း ဖော်ဆောင်လျက် ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံအားပေးကူညီသွားမည် ဖြစ်ပြီး အိမ်နီးချင်းကောင်းနိုင်ငံ အဖြစ် ထာဝရ ရပ်တည်သွားမည်ဖြစ်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် ဖြစ်ပေါ်နေသည့် လက်နက်ကိုင် ပဋိပက္ခများကို အကြမ်းဖက်သည့်နည်းဖြင့် ပြန်လည်မဖြေရှင်းဘဲ နိုင်ငံရေးအရ ဖြေရှင်းနိုင်ရေး ဖိတ်ခေါ် ဆောင်ရွက်ခဲ့မှုများကိုလည်း ချီးကျူးမိပါကြောင်း၊ **တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ထောက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း ဆန္ဒပြုကူညီနိုင်မည်ဖြစ်ကြောင်း၊** မြန်မာနိုင်ငံမြောက်ပိုင်း တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပြီး **တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုပါကြောင်းနှင့် တရုတ်နိုင်ငံအတွင်း အခြေပြု၍ မြန်မာနိုင်ငံ၏အကျိုးကို ပျက်စီးအောင် ဆောင်ရွက်နေမှုများကို လက်သင့်ခံမည်မဟုတ်ကြောင်း၊** နှစ်နိုင်ငံ နယ်စပ်ဂိတ်များသည် အစိုးရ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိရမည်ဖြစ်ပြီး အပြည့်အဝစီမံခန့်ခွဲနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တရုတ်-မြန်မာ ဆက်ဆံရေးနှင့် နိုင်ငံရေးအရ ယုံကြည်မှုများ ပိုမိုတိုးတက်လာစေရေး ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရေးသည် ထိပ်တန်းစီမံကိန်းဖြစ်သဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တရုတ်-မြန်မာ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် လာမည့်သံတမန်ဆက်ဆံမှု ၇၅ နှစ် စိန်ရတုကာလမှစ၍ နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံ၏အရေးသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ အရေးပင်ဖြစ်သဖြင့် နိုင်ငံတကာမျက်နှာစာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ရပ်တည် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** ပြောကြားသည်။

### နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်များလဲလှယ်

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ် လဲလှယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့နှင့် တရုတ်ကောင်စစ်ဝန်ချုပ်ရုံး၊ မန္တလေးတို့အကြား မြေနေရာငှားရမ်းခြင်း စာချုပ်လဲလှယ်ခြင်း၊ သင်တန်းကျောင်းများ အဆင့်မြှင့်တင်ခြင်း စီမံကိန်းများ၊ စိုက်ပျိုးရေး ထွက်ကုန်များအတွက် ဓာတုဆိုင်ရာ လိုအပ်ချက်များနှင့် အပင်ပိုးမွှား ရောဂါကင်းရှင်းရေးဆိုင်ရာ သဘောတူညီချက်၊ တိကျစွာ တိုင်းတာခြင်း နည်းပညာပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်ရန်အတွက် နားလည်မှုစာချွန်လွှာ၊ တရုတ်နိုင်ငံ၏ စံချိန်စံညွှန်း သတ်မှတ်ရေးဆိုင်ရာ စီမံခန့်ခွဲရေးဌာန(SAC) နှင့် မြန်မာနိုင်ငံ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန (DRI) တို့အကြား နားလည်မှုစာချွန်လွှာ၊ အားကစားကဏ္ဍမြှင့်တင်ရေး နားလည်မှုစာချွန်လွှာ စသည်တို့အပါအဝင် နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ် ခုနစ်ခုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့၏ ရှေ့မှောက်၌ နှစ်နိုင်ငံများမှ တာဝန်ရှိသူများက လဲလှယ်ကြသည်။


တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည်တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Kunming Intercontinental ဟိုတယ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး 8th Greater Mekong Subregion Economic Cooperation Program (GMS) Summit ကြိုဆိုညစာစားပွဲအခမ်းအနားသို့ ထိပ်သီး အစည်းအဝေးများ တက်ရောက်ကြမည့် နိုင်ငံများမှ အကြီးအကဲများနှင့်အတူ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ အကြီးအကဲများအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကြိုဆိုညစာစားပွဲကို ကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ အကြီးအကဲများသည် ညစာကို အတူတကွ သုံးဆောင်ကြရာ တရုတ်ယဉ်ကျေးမှု အဖွဲ့များက ရိုးရာအကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang တို့၏ ရှေ့မှောက်၌ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်များကို တာဝန်ရှိသူများက လဲလှယ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က ကြိုဆိုညစာစားပွဲအခမ်းအနားတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံ အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၆

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကူမင်းမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံစဉ်။

## ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့် အဖွဲ့ဝင်များအား ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်း မိသားစုများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကောင်စစ်ဝန်ချုပ် ဦးသွင်ထက်လင်းနှင့် ဝန်ထမ်းများက တာဝန်ထမ်းဆောင်မှုများနှင့် ပတ်သက်၍လည်းကောင်း၊ ပညာတော်သင် သင်တန်းသားများက သင်တန်း တက်ရောက်မှုဆိုင်ရာ များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြား ချက်အရ အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီး အစည်းအဝေးနှင့် အခြားသော အစည်းအဝေးများကို တက်ရောက် ရန် ရောက်ရှိနေစဉ်အတွင်း နိုင်ငံ တော်၏ တာဝန်များကို ရေခြား၊ မြေခြား၌ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏ တာဝန်များကို အတူတကွလာရောက်ထမ်းဆောင် နေကြခြင်းဖြစ်သည့် အတွက် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီ စောင့်ရှောက်ကြရန်နှင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန် အောင် ပိုင်းဝန်းဆောင်ရွက်ကြ ရန်လိုကြောင်း၊ မိမိတို့တာဝန် ထမ်းဆောင်ရသည့် နိုင်ငံ၏သမိုင်း ကြောင်းနှင့် အလေ့အထများ၊ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ခြည် မပြတ်လေ့လာ၍ လိုအပ်သည်များ ကို သင်ခန်းစာယူကာ မိမိတို့နိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးကိုလည်း မည်ကဲ့သို့ ဆောင်ရွက်နိုင်မည်ကို အဖြေရှာ ဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် စီးပွားရေး မောင်းနှင်အားသည် အဓိကကျ သောကြောင့် နှစ်နိုင်ငံ အကျိုးတူ စီးပွားရေးလုပ်ငန်းများ၊ ပို့ကုန် သွင်းကုန်လုပ်ငန်းများ အခွင့် အလမ်းရရှိစေရေး သံတမန် ဆက်ဆံရေးမှတစ်ဆင့် ဝိုင်းဝန်း ဆောင်ရွက်ကြရန် လိုကြောင်း၊ သံတမန် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ ပေါင်းသင်း ဆက်ဆံမှု ကောင်းခြင်းသည် လုပ်ငန်းတာဝန်များ ပိုမိုအဆင်ပြေ ချောမွေ့စွာ အောင်မြင်နိုင်မည် ဖြစ်ကြောင်း။

## နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်

နိုင်ငံအချင်းချင်း ဆက်ဆံရာ တွင် သံတမန်ဆက်ဆံရေးသည် များစွာ အရေးပါသောကြောင့် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းများ အနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံ့အကျိုးစီးပွား တိုးတက်လာစေရေး နိုင်ငံ့ဝန်ထမ်း ကောင်းပီသစွာဖြင့် ဆောင်ရွက် ကြရမည်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်တစ်နိုင်ငံလုံးတွင် ပညာတော်သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်စဉ်။

မြှင့်တင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်ရာ၌ နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာ သိမြင် ကြရန်လိုပြီး မိမိတို့နိုင်ငံတော်၏ အကျိုးကို တတ်စွမ်းသည့်အပိုင်း မှ ဖော်ဆောင်သွားကြရန်လို ကြောင်း၊ ထို့ပြင် ပညာတော်သင် စစ်ဘက်၊ အရပ်ဘက်မှ သင်တန်း သားများအနေဖြင့်လည်း သင်ကြား ပေးသည့် အတတ်ပညာများကို အလေးအနက်ထား သင်ယူသွား ကြရန်လိုပြီး အမြဲမပြတ် လေ့လာ အားထုတ်နေကြရမည် ဖြစ် ကြောင်း မှာကြားပြီး နိုင်ငံတော် ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ ပါတီစုံဒီမို ကရေစီလမ်းကြောင်း ခိုင်မာမှုရှိ စေရေးနှင့် စစ်မှန်ပြီး ရိုးသားသည့် ဒီမိုကရေစီစနစ် ဖြစ်စေရေး အတွက် ဆက်လက်ဆောင်ရွက် လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက် ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ်က ကောင်စစ်ဝန် ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် တရုတ်တစ်နိုင်ငံလုံးတွင် ပညာ တော် သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ် ဘက် သင်တန်းသား သင်တန်းသူ များအတွက် လက်ဆောင်ပစ္စည်း များနှင့် ချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်ရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာ စစ်သံ(ကြည်း၊ ရေ၊ လေ)၊ ကူမင်း မြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် သင်တန်းသား သင်တန်းသူများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ်သည် ကောင်စစ် ဝန်ချုပ်ရုံးအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ပြီး မြန်မာ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်း မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများ သင်တန်းသူ များနှင့်အတူ စုပေါင်းမှတ်တမ်း တင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

+ စာမျက်နှာ ၂၄ မှ

အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။


ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံတို့မှ ဝန်ကြီးချုပ်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ အလွှာပေါင်းစုံမှ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံသည်။




ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဖော်ဆောင်နေမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်များကြောင့် ထိခိုက်ခံစားရမှုအခြေအနေ၊ အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းစဉ်များတွင် ပြည်သူပူးပေါင်းပါဝင်ဆောင်ရွက်စေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က တိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအမွေအနှစ်များတိုးတက်ပြန့်ပွားရေးဆိုင်ရာများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖော်ဆောင်နေမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသော ဖိတ်ကြားထားသည့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက ငြိမ်းချမ်းရေးဆိုင်ရာများ၊ ရွေးကောက်ပွဲဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေး ဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားပေးကြသည်။

ထောက်ပံ့ငွေများပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများသည် ပြည်နယ်မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသည့်ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မိတ္ထီလာ - တောင်ကြီး လမ်းပိုင်းရှိ သဘာဝဘေးကြောင့် ပျက်စီးသွားသည့် လမ်း၊ တံတားများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အခိုင်အမာတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့တွင် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး (လမ်းဟောင်း)၏ တပ်ကုန်း - ရမည်းသင်းလမ်းပိုင်း ပြုပြင်ထိန်းသိမ်းထားမှုနှင့် ပျော်ဘွယ်-ဘုရားငါးဆူလမ်းအပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းပိုင်းသည် ကုန်စည်စီးဆင်းမှုနှင့် လမ်းပန်းဆက်သွယ်ရေးတွင် အရေးပါသော လမ်းတစ်လမ်းဖြစ်၍ သဘာဝဘေးကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများ ၁၀၀ ရာခိုင်နှုန်း ပြီးစီးအောင် အမြန်ဆုံး ပြင်ဆင်သွားရန်လိုပါကြောင်း၊ လမ်းတစ်လျှောက် လမ်းအင်္ဂါရပ်နှင့်အညီ ပြုပြင်ရန်လိုအပ်ပါကြောင်း၊ ရေတိုက်စား၍ ပျက်စီးသည့်နေရာများတွင် ကျောက်ကြီးစီမြေထိန်းနံရံများ စနစ်တကျ ထည့်သွင်းဆောင်ရွက်ပေးရန်နှင့် လမ်းဘေးဝဲ/ယာတွင် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ၊ ချုံနွယ်များ ရှင်းလင်းပေးရန် မှာကြားသည်။

ထို့နောက် မိတ္ထီလာ - တောင်ကြီးလမ်းပိုင်း မိုင်တိုင်အမှတ် (၄၇/၂)တွင် ရေတိုက်စား၍ ပျက်စီးသွားသည့် နေရာကို Retaining Wall ဖြင့် လုပ်ငန်းအဆင့်ဆင့် ပြုပြင်ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ် (၆၂/၃) တွင် Retaining Wall တည်ဆောက်ပြီးစီးမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး နှစ်စဉ်ရေတိုက်စားသည့် နေရာများနှင့် လမ်းသားပျက်စီးမှုများပြားသည့် နေရာများ၌ လမ်းလွှဲဖောက်လုပ်နိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာ-တောင်ကြီးလမ်းပိုင်းတွင် ယာဉ်ကြောကျပ်တည်းမှု မဖြစ်စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ရွှေညောင်မြို့အနီးရှိ လမ်းအသုံးပြုခ ကောက်ခံသည့် Toll Plaza တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အိန္ဒိယနိုင်ငံမှ သတင်းသုံးသပ်သူ Mr. Atul Aneja အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၆

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် အိန္ဒိယနိုင်ငံမှ သတင်းသုံးသပ်သူ Mr. Atul Aneja အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပကတိဖြစ်ရပ်မှန်သတင်းများ ထုတ်ပြန်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံစလုံးသည် အနောက်အုပ်စုလွှမ်းမိုးထားသော ခေတ်သစ်ကမ္ဘာကြီး၏ မီဒီယာသားကောင် ဖြစ်နေရသည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား မီဒီယာကဏ္ဍသာမက ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်




# ရာဂီတိုင်ဖွန်းမုန်တိုင်း သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံရသောဒေသများအတွက် ရုရှား-မြန်မာ စီးပွားရေးကောင်စီက အမေရိကန်ဒေါ်လာ ၅၀၀၀ လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၆

ရာဂီတိုင်ဖွန်း မုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် ရုရှား-မြန်မာစီးပွားရေးကောင်စီ (Russian-Myanmar Business Council-RMBC) က လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅၀၀၀ ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်နှင့် အသင်းဝင်များက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ လာရောက်ပေးအပ် လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မစ္စတာ ကျိန်းမနက်သ် အား မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် နိုဝင်ဘာ ၇

မစ္စတာ ကျိန်းမနက်သ်အား ရန်ကုန်မြို့ အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ကမ္ဘောဒီးယားနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ကျိန်းမနက်သ်ကို ၁၉၇၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ Queensland တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဘွဲ့ကို ရရှိခဲ့သည်။ တာဝန်ထမ်းဆောင်မှုများအဖြစ် ၁၉၉၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အထိ ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် ဒုတိယညွှန်ကြားရေးမှူးအထိ လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကူဝိတ်နိုင်ငံရှိ ကမ္ဘောဒီးယားနိုင်ငံ သံရုံးတွင် သံရုံးဒုတိယအကြီးအကဲ/ သံမှူးအဖြစ် လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လာအိုနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အထိ အာရှပစိဖိတ်ဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစတင်၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

သတင်းစဉ်



# သံအမတ်ကြီး ဦးသစ်လင်းအုန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ဗလာဒီမီရိုဗစ်ချ် ပူတင်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

# မစ္စတာ ဘွန်ဖီယန် ကျန်ထဝုန် အား မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် နိုဝင်ဘာ ၇

မစ္စတာ ဘွန်ဖီယန် ကျန်ထဝုန်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် လာအိုနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဘွန်ဖီယန် ကျန်ထဝုန် ကို ၁၉၇၅ ခုနှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၇ ခုနှစ်တွင် လာအိုအမျိုးသားနိုင်ငံရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုတက္ကသိုလ်မှ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ မြန်မာဘာသာစကားအထူးပြုဖြင့် ဒီပလိုမာကို ရရှိခဲ့ကာ ၂၀၁၇ ခုနှစ်တွင် လာအိုအမျိုးသားတက္ကသိုလ်မှ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဘာသာရပ်ဖြင့် မဟာဘွဲ့ကို ရရှိခဲ့သည်။ တာဝန်ထမ်းဆောင်မှုများအဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ လာအိုနိုင်ငံခြားရေးဝန်ကြီးဌာန စာချုပ်များနှင့်ဥပဒေရေးရာဌာနတွင် လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ရန်ကုန်မြို့ရှိ လာအိုနိုင်ငံသံရုံးတွင် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လာအိုနိုင်ငံခြားရေးဝန်ကြီးဌာန လာအိုအမျိုးသားနယ်နိမိတ်ကော်မတီရုံးတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်များထမ်းဆောင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်အောက်တိုဘာလမှ ယနေ့အချိန်အထိ လာအိုအမျိုးသားနယ်နိမိတ်ကော်မတီရုံးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

သတင်းစဉ်

# လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်း ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၆

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG, MG ZS EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ 99 Myanmar Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC AION Y YOUNGER အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် T & Z Finance Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် အသင်းလိုက်အားကစားနည်းများအတွက် ပွဲစဉ်ဇယားကြိုတင်ရေးဆွဲနိုင်ရေး အစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၆

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ၂၃ နည်းမှ အသင်းလိုက်အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ ရိုးရာခြင်းလုံး၊ စားပွဲတင်တင်းနစ်၊ တင်းနစ်နှင့် ခရစ်ကက်အားကစားနည်း ၁၀ နည်းနှင့်ပတ်သက်၍ ပြိုင်ပွဲ ပွဲစဉ်ဇယား ကြိုတင်ရေးဆွဲနိုင်ရေးအတွက် အုပ်စုမဲနှိုက်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ယခု ကျင်းပမည့် အမျိုးသားအားကစားပွဲတော်သည် ၁၀ နှစ်ကျော်ကြာမှ ပြန်လည်ကျင်းပသည့် အမျိုးသားအားကစားပွဲတော်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုရရှိစေရေး၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီ အားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လှုပ်ရှားကစားလာစေရေးစသည့် ဦးတည်ချက်(၅)ချက်ဖြင့် ယခု အမျိုးသားအားကစားပွဲတော်အား ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်နည်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်းနှင့် မသန်စွမ်းအားကစားနည်း လေးနည်းတို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲယှဉ်ပြိုင်ကစားရာတွင် တရားမျှတမှုရှိစေရေး၊ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် တည်းခိုနေထိုင်၊ သွားလာ၊ စားသောက်မှုနှင့် လေ့ကျင့်မှုများတွင် သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်းများအတိုင်း လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ အတွင်းရေးမှူးက အသင်းလိုက်အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ ရိုးရာခြင်းလုံး၊ စားပွဲတင်တင်းနစ်၊ တင်းနစ်နှင့် ခရစ်ကက် အားကစားနည်း ၁၀ နည်းတို့၏ အုပ်စုမဲနှိုက်ခြင်းများကို ဆောင်ရွက်သည်။

အဆိုပါ အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တာဝန်ခံကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်




## " White Dragon" လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

နေပြည်တော် နိုဝင်ဘာ ၆

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် "White Dragon" လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို နိုဝင်ဘာ ၁၁ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် နိုဝင်ဘာ ၁၁ ရက် (တနင်္လာနေ့) တွင် ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။


သတင်းစဉ်

## နိုင်ငံတစ်ဝန်း မိုးကြီးခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၆

ယနေ့မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ယနေ့မွန်းလွဲပိုင်းမှ နိုဝင်ဘာ ၈ရက်အတွင်း ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၆-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၇-၁၁-၂၀၂၄ မှ ၈-၁၁-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




### အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်သည်။

မိုး/ဇလ

## ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေးပွဲနှင့် ကြံသီးနှံစံပြကွက်များ သရုပ်ပြပွဲပြုလုပ်



ပျဉ်းမနား နိုဝင်ဘာ ၆

စိုက်ပျိုးရေးဦးစီးဌာန၊ သကြားထွက်သီးနှံဌာနခွဲမှ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၂ စီမံကိန်းဖြင့် ဆောင်ရွက် သည့် ကြံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေးပွဲနှင့် ကြံသီးနှံစံပြကွက်များ သရုပ်ပြပွဲကို ကျီးဖြူရိုးကျေးရွာ တောင်သူ ဦးသိန်းရွှေ၊ ကွင်းအမှတ်(၁၇၀၉)၊ ကြံစိုက်ဧက ၃ ဧက၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်ကြွယ်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးစိုးနိုင်က စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရန်အတွက် လမ်းညွှန်မှု ပြုလုပ်ခဲ့သည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က ကြံသီးနှံအတွက် တိုးနည်းပညာများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် သကြားထွက်သီးနှံဌာနခွဲမှ ကြံသီးနှံစိုက်ပျိုးနည်းစနစ်များနှင့် ကြံသီးနှံအထွက်တိုးနည်းပညာများကို ဆွေးနွေးပြောကြားပြီး ကြံသီးနှံစိုက်ပျိုးရေးအထောက်အကူပြုပစ္စည်း ၆ မျိုးကို ကြံစိုက်တောင်သူ ၅၅ ဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)

# အိန္ဒိယနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့မှု အလုံးစုံပြန်လည်ခွင့်ပြုခဲ့ပြီးနောက် ကမ္ဘာ့ဆန်ဈေးနှုန်း ၁၀ ရာခိုင်နှုန်းကျော် ကျဆင်း



အိန္ဒိယနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့မှု အလုံးစုံပြန်လည်ခွင့်ပြုခဲ့သလို ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ဆန်သစ်များ ဈေးကွက်သို့ ဝင်ရောက်ရန်ရှိသည့်အတွက် ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်းများ ၁၀ ရာခိုင်နှုန်းကျော် ကျဆင်းလာကြောင်း ကုန်သည်များက ပြောသည်။

"ဒေါ်လာဈေးမာလာသည့်အတွက် လျှော့ဈေးဖြင့် ဆန်တင်ပို့ရန် ကမ်းလှမ်းမှုများ ရှိလာပါတယ်။ အိန္ဒိယက ဆန်ပြန်ပြီးတင်ပို့ခွင့်ပြုခဲ့သလို ပါကစ္စတန်နှင့် မြန်မာတို့မှ ဆန်သစ်များလည်း ဈေးကွက်သို့ ဝင်ရောက်လာတာ ရှိတယ်။ ဝယ်သူတွေအတွက်တော့ အဆင်ပြေမယ့် အခြေအနေမှာ ရှိနေပါတယ်"ဟု နယူးဒေလီအခြေစိုက်ဆန်ကုန်သည် Rajesh Paharia Jain က ပြောသည်။

ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့(အောက်တိုဘာ ၃၀ ရက်)က ထိုင်းနိုင်ငံမှ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဆန်ဈေးနှုန်းမှာ ၁ တန်လျှင် ကန်ဒေါ်လာ ၅၀၇ ရှိကာ အောက်တိုဘာ ၁၆ ရက်က ကန်ဒေါ်လာ ၅၂၈ ရှိသည့်အတွက် ကျဆင်းခဲ့ကြောင်း၊ ဗီယက်နမ်ဆန်မှာမူ ကန်ဒေါ်လာ ၅၃၇ မှ ၅၄၁ အတွင်း မပြောင်းလဲဘဲ ထပ်မံကျဆင်းဖွယ်ရှိကြောင်း၊ ပါကစ္စတန်ဆန်မှာမူ ယခင် ကန်ဒေါ်လာ ၄၈၁ မှ ၄၈၅ ရှိခဲ့ရာမှ ကန်ဒေါ်လာ ၄၆၃ မှ ၄၆၇ သို့ ကျဆင်းခဲ့ကြောင်း၊ အိန္ဒိယ ဆန်ဈေးနှုန်းမှာ ကန်ဒေါ်လာ ၄၈၈ မှ ၄၉၂ ရှိခဲ့ရာမှ ကန်ဒေါ်လာ ၄၄၄ မှ ၄၄၈ သို့ ကျဆင်းခဲ့သည်။ အိန္ဒိယပေါင်းဆန်မှာ ဈေးအချိုဆုံးဖြစ်ပြီး ယခင် ကန်ဒေါ်လာ ၄၉၀ မှ ၄၉၄ ရှိရာမှ ယခု ၄၃၉ မှ ၄၄၃ အသီးသီးရှိသည်။ **(အပေါ်ပုံ)**

"ကျွန်တော်တို့ ဗီယက်နမ်ကို ဆန်ဖြူတင်ပို့ရာမှာ ကုန်သေတ္တာစရိတ်အပါ ယခင်က ၁တန်ကို ကန်ဒေါ်လာ ၄၉၅ မှ ယခု ၄၇၅ သို့ ကျဆင်းခဲ့ပါတယ်" ဟု စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့ရောင်းချသူများအသင်း (Agricultural Commodities Exporters Association) ဥက္ကဋ္ဌ M Madan Prakash က ပြောသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှ စတင်က ပြည်ပသို့ ဆန်ကွဲတင်ပို့မှု ပိတ်ပင်ခဲ့ပြီး ဆန်ဖြူတင်ပို့မှုအပေါ် ၂၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် ဆန်ဖြူတင်ပို့မှု ပိတ်ပင်ခဲ့ပြီး ပေါင်းဆန်အပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ခဲ့သည်။ သို့သော် ယခုနှစ် အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ပြည်ပသို့ ဆန်တင်ပို့ခွင့် အလုံးစုံပြန်လည်ခွင့်ပြုပေးခဲ့ပြီး အနိမ့်ဆုံး ပို့ကုန်ဈေးနှုန်း MEP အပါအဝင် ပို့ကုန်ခွန်အားလုံးအား ဖယ်ရှားပေးခဲ့သည့်အတွက် ကမ္ဘာ့ဆန်ဈေးကွက်တွင် ယခုကဲ့သို့ ဆန်ဈေးနှုန်းများ ကျဆင်းလာခြင်း ဖြစ်သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံ၏ ဆန်ပို့ကုန်မူဝါဒ ပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပဆန်ဈေးနှုန်းများကျဆင်းမှုနှင့် ရင်ဆိုင်ရဖွယ်ရှိပြီး သင့်လျော်သော ပို့ကုန်မူဝါဒများချမှတ်၍ ဆောင်ရွက်သင့်ပါကြောင်း မြန်မာ့စီးပွားရေးသံမှူး၊ ကာလကတ္တား၏ သတင်းပေးပို့ချက်အရ သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးမှ အားကစားနည်း ၂၄ မျိုး ယှဉ်ပြိုင်မည်

**မန္တလေး နိုဝင်ဘာ ၆**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးမှ အားကစားနည်း ၂၄ မျိုး ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ရာ အောက်တိုဘာ ၁၀ ရက်မှ စတင်၍ စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်က ပြောသည်။

အဆိုပါ အားကစားပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပြီး အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရွှေမန်းတောင်အားကစားကွင်း၊ အောင်မြေမန္တလာအားကစားကွင်းတို့တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်ဟု ဆိုသည်။

"ယှဉ်ပြိုင်မယ့် အားကစားနည်း ၂၃ မျိုးနဲ့ မသန်စွမ်းအားကစားနည်း ၄ မျိုး အပါအဝင် အားလုံးပေါင်း ၂၄ မျိုးပါ။ သက်ဆိုင်ရာ အားကစားနည်းပြဆရာတွေက အနီးကပ်ကြီးကြပ်၍ လေ့ကျင့်ပေးလျက်ရှိပါတယ်။ ခု အားကစားပွဲတော်မှာ ပထမဆုတံဆိပ်ရရှိအောင် အားသွန်ခွန်စိုက် ဘက်ပေါင်းစုံ ကြိုးစားလေ့ကျင့်နေကြပါတယ်"ဟု ၎င်းက ပြောသည်။

ပြိုင်ပွဲသို့ အုပ်ချုပ်သူနည်းပြ ၁၄၀ ဦးနှင့် အားကစားသမား ၄၅၄ ဦး၊ စုစုပေါင်း ၅၉၄ ဦး အဖွဲ့ဖြင့် သွားရောက်ယှဉ်ပြိုင်မည် ဖြစ်ပြီး ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ဖူဆယ်ဘောလုံး၊ ဘတ်စကတ်ဘော၊ ဝူရှူး စသည့် အားကစားနည်းများ ဖြစ်သည်။

"နေရာအလိုက်ခွဲပြီး စခန်းသွင်းလေ့ကျင့်ရာမှာ ရွှေမန်းတောင် အားကစားကွင်းမှာ တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ခရစ်ကတ်အားကစား၊ အားကစားနှင့်ကာယသိပ္ပံ(မန္တလေး) မှာ ဖူဆယ်၊ လက်ဝှေ့၊ အလေးမ၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ အမျိုးသမီးဘောလုံး စတဲ့ အားကစား နှင့် အောင်မြေမန္တလာမှာ ကြက်တောင်အားကစားနည်းနှင့် ကျန်တဲ့ အားကစားနည်းတွေ စခန်းသွင်းလေ့ကျင့်နေတာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးခြင်းဖြစ်ပြီး ပြိုင်ပွဲအသီးသီးတွင် တိုင်းဒေသကြီးအတွက် ဂုဏ်ဆောင်နိုင်ရေး စခန်းသွင်းလေ့ကျင့်ကာ ကြိုးစားလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**

# အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ဝန်ထမ်းများနှင့် တွေ့ဆုံ၊ အုပ်ချုပ်ရေးဆိုင်ရာများ ဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၆**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရုံးခန်းအပေါ်ထပ် အစည်းအဝေးခန်းမတွင် ကျောင်းအုပ်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများ အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၄ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသည့်ဝန်ထမ်းများမှ တင်ပြလာမှုများအပေါ် ကျောင်းအုပ်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

(ဝ၄၅)

*-*-*-*-*



တံတားနှင့် လမ်း။
ဆေးခန်းနှင့် ကျောင်း။
ဆည်မြောင်းနှင့် ကန်၊
သစ်ပင်ရုံမှ သဏ္ဌာန်လုပ
ပန်ရလိမ့်။

# ပဲစင်းငုံ လျာထားချက်ထက် ပိုမိုစိုက်ပျိုး

**မကွေး နိုဝင်ဘာ ၆**

၂၀၂၄-၂၀၂၅ခုနှစ် မိုးရာသီတွင် ပဲစင်းငုံကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးပြီးစီးခဲ့ကြောင်း မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများ၌ မိုးရာသီဇွန်လက စတင်ပြီး ပဲစင်းငုံကို စိုက်ပျိုးကြရာ ယခုနှစ် မိုးကောင်းသောကြောင့် အောင်မြင်ဖြစ်ထွန်းနေသည့်အပြင် မကြာမီ ရိတ်သိမ်းမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ဒေသခံတောင်သူတချို့ထံက သိရသည်။

ပဲစင်းငုံသည် ပြည်ပပို့ကုန်ဖြစ်ပြီး အသစ်မပေါ်မီ လက်ရှိ



ပဲစင်းငုံ အဟောင်းဈေးကောင်းသောကြောင့် မကြာမီပေါ်မည့် ပဲစင်းငုံဈေးကောင်းရဖို့ မျှော်လင့်နေသော တောင်သူတချို့ထံက သိရသည်။

ယခုနှစ် မိုးရာသီတွင် ပဲစင်းငုံဧက ၁၄၂၀၂ လျာထား၍ စိုက်ပျိုးခဲ့ရာ အောက်တိုဘာလအထိ ပဲစင်းငုံဧက ၁၅၂၈၉ စိုက်ပျိုးပြီးစီးခဲ့ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းအရ သိရသည်။ **(အပေါ်ပုံ)(၄၇၂)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မြို့ဝင်၊ မြို့ထွက်နေရာများနှင့် မီးရထားသံလမ်း ဝဲ၊ ယာ သန့်ရှင်းသပ်ရပ်သာယာလှပရေးစီမံချက်အရ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး





**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါကာ ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ ဦးပွားခုံးကျော်တံတားတောင်ဘက်ခြမ်း၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၅၂) မီးရထားသံလမ်းအနောက်ဘက်ခြမ်းတစ်လျှောက်တွင် မြို့ဝင်၊ မြို့ထွက်နေရာများနှင့် မီးရထားသံလမ်း ဝဲ၊ ယာ သန့်ရှင်းသပ်ရပ်သာယာလှပရေးစီမံချက်အရ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အဆိုပါ မီးရထားသံလမ်းဘေးတစ်လျှောက်ရှိ ကျူးကျော်အိမ်များအား အခွန်ဌာနမှ ရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းတင်ပြသည်။ ဆက်လက်၍ လမ်းတံတားဌာန ဌာနမှူးက အဆိုပါ ကျုံးရှင်းလင်းပြီး ဧရိယာတစ်လျှောက် ကျောက်ချောလမ်းခင်း လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်၊ ရထားသံလမ်းဘက်ခြမ်း၌ အုတ်ရေမြောင်းသစ်တူးဖော်ဆောင်ရွက်သွားမည့်လုပ်ငန်းနှင့် လမ်းဖြတ်တံတား(Box Culvert) ၂ စင်း တည်ဆောက်သွားမည့် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူးက ကျုံးရှင်းပြီး ဧရိယာအား မြေပြုပြင်၍ ပန်းပိုင်း၊ ပန်းခင်းများ၊ ဘဲစာမြက်စိုက်ပျိုး၍ မြေယာရှုခင်းအလှပန်းခြံငယ်အဖြစ် စိမ်းလန်းစိုပြည်သာယာလှပအောင်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က သန့်ရှင်းရေးဌာနနှင့် စက်ရုံနှင့်မော်တော်ယာဉ်ဌာန ပူးပေါင်း၍ အုတ်ကျိုး၊ အုတ်ပဲ့များ၊ ကွန်ကရစ်များ၊ အမှိုက်သရိုက်များအားလုံး ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဒိုဇာစက်ယန္တရားဖြင့် မြေညှိ၊ မြေဖို့ပြုပြင်ခြင်းလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပြီး အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ကျောက်တိုင်အကာအရံများဆောင်ရွက်ရန်၊ လုပ်ငန်းစဉ်တစ်ခုလုံးအား ပုံစံစနစ်တကျရေးဆွဲပုံထုတ်၍ တင်ပြသွားရန်၊ ပန်းခြံငယ်တည်ဆောက်ရာ၌ လိုအပ်သော ရေရရှိရန်အတွက် အချင်း ၄ လက်မစက်ရေတွင်း တစ်တွင်းတူးဖော်ရေးနှင့် ဂါလန် ၁၆၀၀ ဆံ့ ရေစင်တစ်ခုတည်ဆောက်ရေးလုပ်ငန်းအတွက် ရေနှင့် သန့်ရှင်းမှုဌာနမှ ဆောင်ရွက်ရန်တို့ကို သက်ဆိုင်ရာဌာနမှူးများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်၊ ၇၈လမ်း(ရန်-မန်း)လမ်းမကြီး၊ ဆင်ဖြူကန်ကွင်းအနီးရှိ ဗဟိုဘဏ်သို့ ၇၈လမ်းမကြီးမှ အဝင်လမ်းနှင့် အထွက်လမ်း ၂ လမ်းအား(ကွန်ကရစ်)ခင်းကျင်းပြီးစီးမှုအခြေအနေ၊ အဆိုပါ ဧရိယာအတွင်း ဆိုင်ကယ်လမ်းအား ပြန်လည်ပြုပြင်ခင်းကျင်းဆောင်ရွက်နေမှုနှင့် လမ်းဖြတ်တံတား (Box Culvert)တည်ဆောက်နေမှုများကိုလည်းကောင်း၊ ဆိုင်ကယ်လမ်းဘေး ဝဲ၊ ယာရှိ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းပြီးစီးမှုများကိုလည်းကောင်း ကြည့်ရှုခဲ့ပြီး ဗဟိုဘဏ်မျက်နှာစာ ၇၈ လမ်း မေးတင်နေရာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးပေးရေးနှင့် ဆိုင်ကယ်လမ်းနှင့် ကိုလံဘိုမြောင်းကြားနေရာများ၌ ဘဲစာမြက်များ စိုက်ပျိုးသွားရေး၊ ဗဟိုဘဏ် အဝင်၊ အထွက်လမ်းများ၏ ဘေး ဝဲ၊ ယာ၌ ကြံ့စာပင်များ စိုက်ပျိုး၍ မြေယာရှုခင်းအလှပုံဖော်ဆောင်ရွက်ပေးရေးတို့ကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူးအား ဖြည့်စွက်မှာကြားခဲ့သည်။

ထို့နောက် ဆင်ဖြူကန်ကွင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီးလုပ်ငန်းဆိုင်ရာများ ဖြည့်စွက်မှာကြားခဲ့သည်။ ယင်းနောက် မြို့တော်ဝန်နှင့် အဖွဲ့သည် မဟာအောင်မြေမြို့နယ်၊ ၆၂လမ်းနှင့် ၆၈ လမ်းကြား၊ ၄၃လမ်း(မြောင်းကြီးမြောင်း) Precast မြောင်းတစ်လျှောက် စိုက်ပျိုးထားသည့် သပြေဘူတပင်များနှင့် ပန်းအလှပင်များအား ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဝန်ထမ်းများက အပင်အောက်ခြေပေါင်းသင်ရှင်းလင်းခြင်း၊ အပင်များအား တည့်မတ်နေစေရန် သုံးချောင်းထောက်ဝါးဖြင့် ထောင်မတ်အောင်ပြုပြင်ခြင်း လုပ်ငန်းကိုလည်းကောင်း၊ ၂၆လမ်းမကြီးတစ်လျှောက် ၆၆ လမ်းမှ ၇၃လမ်းအတွင်း လမ်းလယ်ကျွန်းရှိ ပန်းပိုင်းများ၊ မြေယာရှုခင်းအလှပန်းပင်များ စိုက်ပျိုးဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







သတင်း-စာမျက်နှာ ၁၂



## ယခင်နှစ်ခရီးသွားရာသီတွင် မင်းဘူးမြို့သို့ ခရီးသွားဧည့်သည် ငါးသိန်းကျော် ဝင်ရောက်ခဲ့

**မင်းဘူး နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့သည် မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီမြစ်ကမ်းဘေး အချက်အချာကျပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ကာ အေးချမ်း၍ သာယာလှသော မြို့လေးတစ်မြို့ ဖြစ်တာကြောင့် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ လှည့်လာလည်ပတ် အပန်းဖြေရာ နေရာဒေသဖြစ်လာခဲ့ပြီး ယခင်နှစ် ဘုရားပွဲရာသီတွင် ခရီးသွားဧည့်သည် ငါးသိန်းကျော်အထိ ဝင်ရောက်ခဲ့သည်။

မင်းဘူးမြို့သည် ဧရိယာ စတုရန်းမိုင် ၁၆၄ ဒသမ ၂၇၃ မိုင် ကျယ်ဝန်းကာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၆၄ ပေနှင့် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိကာ အေးအေးချမ်းချမ်း ရှိခြင်း၊ အညာအပြန်လက်ဆောင်များက သဘောကျနှစ်ခြိုက်စရာကောင်းခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်၍ တစ်နေရာနှင့်တစ်နေရာ ဆက်သွယ်သွားလာရာတွင် လွယ်ကူမြန်ဆန်ခြင်းများကြောင့် နေချင်စရာကောင်းလှသည့် မြို့လေးတစ်မြို့ဖြစ်သည်။

မင်းဘူးမြို့နယ်တွင် ကျေးရွာအုပ်စု ၆၇စု၊ အိမ်ခြေပေါင်း ၄၄၀၄၄အိမ်၊ အိမ်ထောင်စု ၄၇၆၃၃ စုနှင့် လူဦးရေ ၁၉၀၉၇၃ဦးကျော် နေထိုင်ကာ ဖလံရုံတောင်၊ စကြံတောင်၊ သက်နှန်းလိပ်တောင်၊ ချွေးကတက်တောင်စသော တောင်ကုန်းတောင်တန်းများနှင့် ဆားပွက်ချောင်း၊ မုန်းချောင်း၊ မန်းချောင်းများက ဝန်းရံကာ လှိုဏ်မြောင်ချိုင့်ဝှမ်းများနဲ့ သဘာဝအလှအပရှုခင်းများက ဆွဲဆောင်မှုတစ်ခု ဖြစ်သည်။

ရွှေစက်တော်ဘုရား၊ စက္ကိန်းတဲဘုရား၊ ရှင်မင်းဘူးဘုရား၊ သမုတ္တဂီရိ မြစေတီတော်မြတ်ကြီးနှင့် နဂါးပွက်တောင်၊ မှန်ကင်းရုပ်စုံကျောင်း၊ သုံးထပ်ရုပ်စုံကျောင်း၊ ကန်ဦးဘုန်တော်ကြီးကျောင်းများ၏ပုဂံခေတ်နှင့် ကုန်းဘောင်ခေတ်များ၏ အံ့မခန်းပြောင်မြောက်စွာ ထုဆစ်ထားသော ပန်းပုလက်ရာများကိုလည်း လှည့်လာကြည့်ရှုနိုင်သည်။

ထိုကဲ့သို့ သမိုင်းဝင် ဘုရားစေတီများ၊ လှည့်လာလည်ပတ်စရာ အထင်ကရ နေရာများရှိသည့်အပြင် အေးချမ်းလှပြီး သာယာကြည်နူးဖွယ်၊ ချမ်းမြေ့ဖွယ်ရာကောင်းလှသည့် အထက်အညာဒေသရှိ ဧရာဝတီမြစ်ကမ်းဘေးက အေးချမ်းလှသော မင်းဘူးမြို့လေးသို့ တစ်ခေါက်တစ်ခါ လှမ်းလာဖို့ ဖိတ်ခေါ်လိုက်ရပါတော့သည်။

(၅၀၄)

၀-၀-၀-၀

## ကြံတစ်တန်လျှင် စက်ရုံအရောက် ငွေကျပ် ၂၀၀၀၀၀ ထိ စံချိန်တင်ဈေး ထပ်မံတိုးမြှင့်ပေးလာ

ကြံတစ်တန်စက်ရုံအရောက် ငွေကျပ် ၂၀၀၀၀၀ ထိ စံချိန်တင်ဈေးဖြင့် ရွှေညောင် မြဘုရင်သကြားစက်က ယခင်နှစ်ထက် တိုးမြှင့်ပေးလာသည်။

မြန်မာနိုင်ငံ၊ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်းက ပြည်တွင်း သကြားစက်များမှ ကြံတစ်တန် ဈေးနှုန်း သတ်မှတ်ရန် မကြာမီ ဆွေးနွေး ထုတ်ပြန်ရန်ရှိနေပြီး ပြည်တွင်း သကြားဈေးကို အခြေခံဈေး ထားပြီး ဝယ်ယူရန် သတ်မှတ် ထုတ်ပြန်သွားမည် ဖြစ်သည်။

ကြံရာသီနီးလာသောကြောင့် သကြားစက်ရုံများက နယ်မြေအလိုက် ကြံတစ်တန်ဈေး သတ်မှတ်ဝယ်ယူရာ ၂၀၂၃-၂၀၂၄ ရာသီအတွက် ကြံတစ်တန်လျှင် စက်ရုံအရောက် ငွေကျပ် ၁၅၀၀၀၀ အထိ ဝယ်ယူခဲ့သည်။

၂၀၂၄-၂၀၂၅ ကြံစိုက်ပျိုးရာသီတွင် စစ်ကိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းမြောက်ဒေသ သကြားစက်ရုံများက ကြံဈေးထုတ်ပြန်နိုင်ခြင်း မရှိသေးသော်လည်း ရှမ်းတောင်ဒေသ မြဘုရင်သကြားစက်ရုံက ကြံတစ်တန်လျှင် ငွေကျပ် ၂၀၀၀၀၀ သတ်မှတ်ကြောင်း နိုဝင်ဘာ ၂ရက်က ထုတ်ပြန်လာခြင်း ဖြစ်သည်။

လက်ရှိ ပြည်တွင်းသကြားဈေးမှာ နိုဝင်ဘာလဆန်းပိုင်းတွင် တစ်ပိဿာလျှင် ငွေကျပ် ၅၁၀၀ ဝန်းကျင်ခန့် ပေါက်ဈေးရှိနေပြီး ပြည်တွင်းသကြားဈေးမှာ တည်ငြိမ်နေသည်။

ကြံစိုက်တောင်သူများအနေဖြင့် သွင်းအားစုလုပ်သားစရိတ် စက်သုံးဆီဈေး၊ မြေဩဇာဈေးများမြင့်တက်၊ စိုက်ပျိုးစရိတ် မြင့်မားလာသောကြောင့် ကြံတစ်တန်ဈေးငွေကျပ် ၂၀၀၀၀၀ မှာ သင့်တင့်မျှတသည့် ဈေးနှုန်း ဖြစ်ကြောင်း ကြံတောင်သူတစ်ဦးက ပြောသည်။

"လုပ်သားစရိတ်စက်သုံးဆီဈေးတွေ၊ မြေဆီဈေးတွေ တစ်နှစ်ထက်တစ်နှစ် ဈေးမြင့်လာလို့ စိုက်ပျိုးစရိတ်လည်း မြင့်တက်လာပါတယ်။ ကြံတစ်တန်ဈေးက ငွေကျပ် ၂၀၀၀၀၀ ဆိုတာ လက်ရှိသကြားပေါက်ဈေးဖြင့် တွက်ချက်လျှင် သင့်တင့်မျှတသည့် ဈေးဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။ **ရွှေမန်း**



## ရုံးစာရေးသားနည်းသင်တန်း(၃/၂၀၂၄) ဖွင့်လှစ်

**ဟိုပုံး နိုဝင်ဘာ ၆**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့်ရုံး(ဟိုပုံး) လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ခရိုင်၊ မြို့နယ်နှင့်မြို့ရုံးများရှိ ဝန်ထမ်းများအား တစ်ဦးချင်း အရည်အသွေးများ တိုးတက်စေရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန် ရည်ရွယ်၍ နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းမှ စတင်ကာ ရုံးစာရေးသားနည်းသင်တန်း(၃/၂၀၂၄)အား ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

အဆိုပါ သင်တန်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး(ဟိုပုံး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်းနှင့် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဟိုပန်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းသိန်းအောင်တို့က ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ထုတ်ဝေသည့် ရုံးလုပ်ငန်းလက်စွဲစာအုပ်ပါ အခန်းအလိုက် သင်ခန်းစာအကြောင်းအရာများအား သင်ကြားပို့ချခဲ့ရာ ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ နောင်တရားမြို့နယ်နှင့် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ရုံးအသီးသီးတို့မှ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ၊ အရာထမ်း၊ အမှုထမ်းဝန်ထမ်း ၁၇ ဦးတို့က စိတ်ပါဝင်စားစွာ တက်ရောက်သင်ယူလျက်ရှိသည်။

အဆိုပါ ရုံးစာရေးသားနည်းသင်တန်း(၃/၂၀၂၄)အား နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ သုံးရက်တာ စာတွေ့၊ လက်တွေ့ ပို့ချပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ထိုင်းနိုင်ငံ၌ နှစ်ရှည်ပင်များကို အပေါင်ပစ္စည်းအဖြစ် ထားရှိနိုင်သည့်အစီအစဉ် ဆောင်ရွက်လျက်ရှိ

ထိုင်းနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေတောင်းခံရာ၌ နှစ်ရှည်ပင်များကို အပေါင်ပစ္စည်းအဖြစ် ထားရှိနိုင်ရေး ဆောင်ရွက်ချက်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနနှင့် စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသမဝါယမဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ခြင်းသည် တောင်သူများနှင့် လုပ်ငန်းရှင်များအတွက် ၎င်းတို့၏ သဘာဝအရင်းအမြစ်များ၏ တန်ဖိုးကို မြှင့်တင်ခြင်းဖြင့် ဘဏ္ဍာငွေရရှိနိုင်ရေးဖြစ်ကြောင်း၊ နှစ်ရှည်ပင်များကို အပေါင်အဖြစ် အသုံးပြုနိုင်ရုံမက ထိုင်းနိုင်ငံ၌ မြင့်တက်လာလျက်ရှိသော သဘာဝဘေးအန္တရာယ်များကို လျော့ပါးစေမည့် သစ်တောထိန်းသိမ်းခြင်းဖြင့် ကာဗွန်ခရက်ဒစ်ရောင်းချနိုင်သည့် အနာဂတ် ဝင်ငွေရလမ်းတစ်ခုပါ ဖြစ်ပါကြောင်း၊ "Promoting Perennial Trees as Business Collateral" အခမ်းအနားကို ရတ်ချာဘူရီပြည်နယ်တွင် ကျင်းပခဲ့သည်။

နှစ်ရှည်ပင်များကို စီးပွားရေးလုပ်ငန်း အပေါင်ပစ္စည်းအဖြစ် အသုံးပြုခြင်းဖြင့် တောင်သူများသည် ၎င်းတို့၏ လုပ်ငန်းများကို တိုးချဲ့နိုင်ခြင်း၊ ဝင်ငွေတိုးမြှင့်နိုင်ခြင်းနှင့် ဘဝနေထိုင်မှုပုံစံ စဉ်ဆက်မပြတ်စေခြင်းအပြင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သစ်တောများပြုန်းတီးမှုကြောင့် ရေကြီးခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်များကို ကာကွယ်ပေးနိုင်သည့် သစ်တောများကို ထိန်းသိမ်းရာလည်း ရောက်ပါကြောင်း၊ ယခုနှစ်တွင် ချင်းရိုင်နှင့် ရတ်ချာဘူရီတွင် ဆောင်ရွက်မည်ဖြစ်ပြီး လာမည့်နှစ်တွင် ထိုင်းနိုင်ငံတစ်ဝန်းတွင် တိုးချဲ့သွားမည် ဖြစ်သည်။

ဆောင်ရွက်မည့်လုပ်ငန်းစဉ်များတွင် တောင်သူများကို စီးပွားရေးလုပ်ငန်း အပေါင်ဆိုင်ရာ ဥပဒေများကို ဗဟုသုတရစေပြီး ၎င်းတို့၏ မြေယာတွင် ချေးငွေအပေါင်အဖြစ် အသုံးပြုနိုင်မည့် သစ်ပင်များကို မည်သို့စိုက်ပျိုးသင့်ကို အသေးစိတ်ရှင်းလင်းပေးသွားမည်ဖြစ်ကြောင်း၊ နှစ်ရှည်ပင်များ၏တန်ဖိုးကို မည်သို့ရယူရမည်နှင့် ထပ်လောင်းတန်ဖိုးများ ရရှိရန် သစ်ပင်များမှ သိုလှောင်ထားသည့် ကာဗွန်ခရက်ဒစ်များကို မည်သို့တွက်ချက်ရမည်ဆိုသည်ကိုလည်း ပြသပေးသွားမည်ဖြစ်ကြောင်း၊ နှစ်ရှည်ပင်များကို ဖြတ်တောက်ရန်(သို့မဟုတ်)သစ်တောများကို ဖျက်ဆီးရန်မလိုအပ်ဘဲ အပေါင်ပစ္စည်းအဖြစ် အသုံးပြုနိုင်ကြောင်း၊ ကမ္ဘာ့အနှံ့ရှိ လုပ်ငန်းများသည် ၎င်းတို့၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ခုနှိမ်ရန် ရည်ရွယ်လာကြသဖြင့် ကာဗွန်ခရက်ဒစ်များသည် ကမ္ဘာ့ကုန်စည်တစ်ခု ဖြစ်လာခဲ့သည်။

စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသမဝါယမဘဏ်သည် ဒေသခံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောထိန်းသိမ်းခြင်းတို့၏ အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း၊ လာမည့် ငါးနှစ်တာကာလအတွင်း စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသမဝါယမဘဏ်က ကာဗွန်ခရက်ဒစ်များ ၁ တန်လျှင် ဘတ် ၃,၀၀၀ ဖြင့် တန်ချိန် ၅၀၀,၀၀၀ ဝယ်ယူရန် ရည်မှန်းထားပါကြောင်း၊ စီမံကိန်းသည် ထိုင်းတောင်သူများအတွက် တူညီသော အခွင့်အလမ်းများ မြှင့်တင်မည့်ခြေလှမ်းဖြစ်ပြီး သစ်တောကဏ္ဍ၏ ရေရှည်တည်တံ့ရေးကိုလည်း သေချာစေပါကြောင်း၊ စက်တင်ဘာ ၃၀ ရက် စာရင်းအရ (၂၆)ပြည်နယ်တွင် စီးပွားရေးလုပ်ငန်းအပေါင်အဖြစ် မှတ်ပုံတင်ထားသော သစ်ပင် ၁၅၉,၇၆၁ ပင် ရှိပြီး တန်ဖိုးအားဖြင့် ဘတ် ၁၆၄ သန်းဖြစ်ပါကြောင်း၊ ရတ်ချာဘူရီရှိ တောင်သူများသည် နှစ်ရှည်ပင်များကို အပေါင်ပစ္စည်းအဖြစ် အသုံးပြုနေပြီဖြစ်ကြောင်း နိုင်ငံတကာစိုက်ပျိုးရေးသတင်းများကို မြန်မာစီးပွားရေးသံမှူး၊ ဗန်ကောက်မြို့၏ သတင်းပေးပို့ချက်အရ သိရသည်။

**ရွှေမန်း**

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## Zhang Yi Xing@Lay ကမ္ဘာ့အနုပညာလောကထိ တောက်ပနေသူဖြစ်



EXO အဖွဲ့ဝင်ဟောင်း၊ တရုတ်အနုပညာရှင်၊ ကုမ္ပဏီပိုင်ရှင် Lay ခေါ် Zhang Yi Xing သည် K Pop နှင့် တရုတ်အနုပညာနယ်ပယ်တွင်သာမက ကမ္ဘာ့အနုပညာလောကထိ တောက်ပနေသူဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Lay ခေါ် Zhang Yi Xing သည် ၁၉၉၁ခုနှစ် အောက်တိုဘာ ၇ ရက်ဖွားဖြစ်၍ အသက်(၃၃)နှစ်ရှိပြီဖြစ်ကာ ၂၀၁၂ခုနှစ်မှစ၍ K Pop EXO နှင့် ပွဲဦးထွက်ခဲ့ပြီး ၂၀၁၅ခုနှစ်နောက်ပိုင်း တရုတ်အနုပညာလောကတွင် ထိပ်တန်းအနုပညာရှင်ဖြစ်ခဲ့ကာ ပြည်တွင်း၊ ပြည်ပ ဂီတလောကတွင် အမြင့်ဆုံး စံချိန်တင်နိုင်ခဲ့သည်။

ကလေးသရုပ်ဆောင်နှင့် သရုပ်ဆောင်နယ်ပယ်တွင်လည်း ပါဝင်ခဲ့ပြီး ဇာတ်ကားကောင်းများနှင့် ကျော်ကြားခဲ့သူဖြစ်ကာ ရုပ်ရှင် No More Bets နှင့် ရုံတင်ဝင်ငွေ စံချိန်ချိုး၍ အနုပညာထူးချွန်ဆုဆန်ခါတင်စာရင်းဝင် ဖြစ်ခဲ့သည်။

အနုပညာရှင်၊ ထုတ်လုပ်သူ၊ ဂီတမှူး၊ Street Dance of China ၏ ကပွတိန်အဆိုတော်၊ သရုပ်ဆောင်အဖြစ်သာမက Zhang Yi Xing သည် Entertainment တစ်ခုထူထောင်၍ ကိုယ်တိုင်အနုပညာရှင်များကို မြေတောင်မြှောက်ပေးနေသူတစ်ဦးလည်း ဖြစ်သည်။

(SKY)

*-*-*-*-*

## Yang Mi အပါအဝင် အနုပညာရှင်များ အကောင်းဆုံးအမျိုးသမီး ဖက်ရှင်အနုပညာရှင်အဖြစ် ရွေးချယ်ထား

တရုတ်အမျိုးသမီး အနုပညာရှင်များအနက် အကောင်းဆုံး အမျိုးသမီး ဖက်ရှင်အနုပညာရှင် စာရင်းကို Vogue Weekly Best Dress မှ ရွေးချယ်ထားရာ Yang Mi ထိပ်ဆုံးစာရင်းဝင်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Paris Fashion Week တွင် ပြုလုပ်ခဲ့သည့် ကုန်အမှတ်တံဆိပ် တစ်ခုစီအလိုက် အကောင်းဆုံး အမျိုးသမီးဖက်ရှင်စာရင်းကို ဖော်ပြထားရာတွင် Yang Mi က Loewe၊ ဒီလီရီဘာဒီမူရတ်က Dior၊ ရှန်ယီချန်က Chanel၊ ကျီဝိန်က Balmain၊ ယိုချန်က Chloe၊ လျူရီဖိန်းက Louis Vilton နှင့် လျူဟောက်ကန်က Miu Miu အတွက် စာရင်းဝင်ထားကြသည်။

Yang Mi သည် အနုပညာလောက၏ နတ်ဘုရားမအဖြစ် တင်စားခံရပြီး Vogue Weekly Best Dress အတွက် ရွေးချယ်မှုတွင်လည်း ထိပ်ဆုံးစာရင်းဝင်ခဲ့သူ ဖြစ်သည်။



(SKY)



## လေထုထဲမှ သောက်သုံးရေသန့်ထုတ်ယူရရှိနိုင်ရန် မိနစ်၃၀သာကြာမြင့်မည့်နည်းလမ်းသစ် ရှာဖွေတွေ့ရှိ

လူတို့သည် လေမရှိလျှင် သုံးမိနစ်၊ အစားအစာမရှိလျှင် သုံးပတ်၊ ရေမရှိလျှင် သုံးရက်သာ အသက်ရှင်သန်နိုင်မည်ဆိုသဖြင့် ရေသည် လူတိုင်းအတွက် အဓိကကျသောအရာပင် ဖြစ်သည်။

ယနေ့ကမ္ဘာတွင် ရေကောင်းရေသန့်မရဘဲ ဖြစ်သလိုရှင်သန်နေထိုင်ကြရသူပေါင်း သန်း ၂၀၀၀ ကျော်ရှိသည်ဟု ရေအရင်းအမြစ်ပညာရှင်များက မှတ်တမ်းတင်ထားသည်။

ထိုရေကို လေထုထဲမှ ထုတ်ယူရနိုင်သောနည်းလမ်းများရှိရာ အမေရိကန်သုတေသီများ လေထုထဲမှ သောက်သုံးရေသန့် ထုတ်ယူရရှိနိုင်ရန် မိနစ်၃၀သာကြာမြင့်မည့်နည်းလမ်းသစ်ကို မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့ကြသည်။

အိုဟိုင်းယိုးဆေးကောလိပ်မှ ဂျွန်လာရော့ကို ဦးဆောင်သော သုတေသီများ သုတေသနပြုလေ့လာကာ ထိုနည်းလမ်းသစ်ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SCI






## BTS အဖွဲ့ဝင်များ 2024 MAMA Awards တွင် ဆန်ခါတင်စာရင်း ပါဝင်ထား

ကမ္ဘာကျော် K Pop BTS အဖွဲ့ဝင်များ၏ ထွက်ရှိထားသော တစ်ကိုယ်တော်ဂီတအယ်လ်ဘမ်များ 2024 MAMA ဆုပေးပွဲတွင် ဆန်ခါတင်စာရင်းဝင်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဆုပေးပွဲတွင် တစ်နှစ်တာ ဂီတအယ်လ်ဘမ်(Daesang Award) ကို Jung Kook ၏ Golden၊ တစ်နှစ်တာသီချင်း (Daesang Award) ကို Jung Kook ၏ Standing Next To You နှင့် Jimin ၏ Who, RM ၏ Lost တို့က ဆန်ခါတင်စာရင်းဝင်ထားသည်။

တစ်နှစ်တာအနုပညာရှင်ဆု (Daesang)ကို Jung Kook နှင့် Jimin၊ ပရိသတ်အကြိုက်ဆုံးအဆိုတော်ဆုကို Jung Kook, Jimin, V, RM နှင့် J-Hope၊ အကောင်းဆုံးအမျိုးသားအနုပညာရှင်ဆုကို Jung Kook နှင့် Jimin၊ အကောင်းဆုံး Rap နှင့် Hip Hop Performance ဆုကို RM ၏ Lost၊ အကောင်းဆုံးတစ်ကိုယ်တော်အကဆုကို Jimin ၏ Who နှင့် Jung Kook ၏ Standing Next To You တို့ အသီးသီး စာရင်းဝင်ထားကြသည်။(SKY)

## Luo Yun Xi က ကိုယ်ပိုင်ငွေသုံး၍ လေယာဉ်ခရီးစဉ်နှင့် ပြန်လာရ



တရုတ်ထိပ်တန်းအနုပညာရှင်တစ်ဦးဖြစ်သည့် Luo Yun Xi သည် ကူမင်းကို ကိုယ်ပိုင်ငွေသုံး၍ လေယာဉ်စီးလုံးငှားကာ ပြန်လာခဲ့ရသည့်အတွက် ပရိသတ်များ ကုမ္ပဏီကို ဝေဖန်သံများ ထွက်ပေါ်လာသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါခရီးစဉ်အတွက် Luo Yun Xi က တစ်နာရီကို အမေရိကန်ဒေါ်လာ ၅၉၅၀ နှင့် သုံးနာရီခွဲကြာ ကူမင်းကို ကိုယ်ပိုင်ငွေနှင့် တိုက်ရိုက်ပြန်လာခဲ့ခြင်း ဖြစ်သည်။

ရိုက်ကွင်းတစ်ခုတွင် ခြေထောက်ဒဏ်ရာရထား၍ အလာခရီးတွင် လေယာဉ်နှစ်ဆင့်စီးခဲ့ရသည်မှာ အဆင်မပြေ၍ အပြန်ခရီးတွင် ကိုယ်ပိုင်ငွေနှင့် Private Jet ငှားစီး ပြန်လာခဲ့ရသည်ကို သူ၏ အေဂျင်စီကုမ္ပဏီက ထုတ်မပေး၍ ပရိသတ်များ ဝေဖန်မှု ပြင်းထန်စွာ ပြောထားကြသည်။

(SKY)

## Wang Yibo ပြည်သူ့အကျိုးပြုဂုဏ်ထူးဆောင်နှစ်ဆယ် ခန့်အပ်ခံရသူ ဖြစ်

တရုတ်အနုပညာရှင် ဘက်စုံကျွမ်းကျင်ထူးချွန်သည့် Wang Yibo သည် ပြည်သူ့အကျိုးပြုဂုဏ်ထူးဆောင်နှစ်ဆယ် ခန့်အပ်ခံရသူဖြစ်ပြီး သူသီဆိုခွင့်ရသည့် နိုင်ငံအကျိုးပြု Positive Energy သီချင်းစုစုပေါင်း ၂၆ ပုဒ်ရှိသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၏ National Holiday တွင် Wang Yibo ပါဝင်သည့် ရုပ်ရှင်နှစ်ကားကို CCTV သစ်မှ ပြသခဲ့ပြီး သူတို့ပလက်ဖောင်းတွင် Wang Yibo ဇာတ်ပုံများနှင့် ဂုဏ်ပြုဆောင်းပါးတင်ထားခဲ့သည်။

လူကြိုက်များ အားပေးမှုမြင့်မားခဲ့သည့် Wang Yibo ၏ မှတ်တမ်းရုပ်ရှင် Exploring the Unknown နှင့် ၂၀၂၄ခုနှစ်အတွက် အသစ်သောစိန်ခေါ်မှုများ ပြုလုပ်ခဲ့သူ War of Faith နှင့် မျိုးချစ်လူငယ်၊ Born to Fly မျိုးဆက်သစ်စမ်းသပ်လေယာဉ်မှူး၊ Formed Police Unit နှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှု၊ Being a Hero ရုပ်သံနှင့် မူးယစ်နှိမ်နင်းရေးရဲအရာရှိ၊ Hidden Blade နှင့် မြေအောက်တော်လှန်ရေးသမားစသည့်ဇာတ်ရုပ်များကို ပိုင်နိုင်စွာ ဖော်ပြနိုင်ခဲ့သူ၊ နိုင်ငံပိုင် မီဒီယာများကပါ ချီးကျူးထားကာ ပြည်သူ့အကျိုးပြုဂုဏ်ထူးဆောင် ၂၀ နှင့် နိုင်ငံအကျိုးပြုသီချင်း ၂၆ ပုဒ် သီဆိုထားသည့် တစ်ဦးတည်းသောအနုပညာရှင်ဟု ချီးကျူးဂုဏ်ပြုထားသည်။ (SKY)





## Kim Dahyun က Michael Kors ၏ သံတမန်အဖြစ် မော်ဒယ်လ်လျှောက်ခဲ့

ကိုရီးယားအနုပညာရှင် ကင်ဒါဟွမ်သည် Michael Kors ၏ သံတမန်တစ်ဦးဖြစ်ခဲ့ပြီးနောက် ယင်းပွဲတော်တွင် မော်ဒယ်လ်လျှောက်လမ်းပေါ်၌ မြင်တွေ့ကြရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါကုန်အမှတ်တံဆိပ်၏ Global Ambassador ဖြစ်သော ကင်ဒါဟွမ်သည် လှပကျော့ရှင်းသောအလှနှင့် ကမ္ဘာကျော်မော်ဒယ်လ်များနှင့်အတူ Spring-Summer 2025 Show တွင် ပါဝင်ထားသည်။

ကင်ဒါဟွမ်၏ အလှအပမှာ ကမ္ဘာကျော်မော်ဒယ်လ်များကြားရေပန်းစားနေခဲ့ပြီး မော်ဒယ်လ်လျှောက်လမ်းပေါ်တွင် တည်ငြိမ်သောအလှနှင့် ဟန်ပန်တို့ကြောင့် ကမ္ဘာ့ပရိသတ် စိတ်ဝင်စားမှုရရှိခဲ့သည်။

(SKY)

# အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ်၊အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးရဲမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက အနာဂတ် လူငယ်မျိုးဆက်သစ်များအနေဖြင့် အခြေခံပညာအရွယ်ကစ၍ စာဖတ်သည့်အလေ့အထနှင့် အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ကျောင်းစာအပြင် အထွေထွေဗဟုသုတများရရှိစေမည့် စာအုပ်စာပေများကို ဖတ်ရှုလေ့လာလိုစိတ်နှင့် ကျောင်းစာကြည့်တိုက်၊ပြည်သူ့စာကြည့်တိုက်များကို အသုံးပြုလိုစိတ်ရှိလာစေရန်၊ စာပေမှတစ်ဆင့် အသိပညာဗဟုသုတတိုးပွားလာစေရန်နှင့် ရရှိသည့်ဗဟုသုတများကို ပြန်လည်မျှဝေပေးနိုင်စေရန်၊ အချင်းချင်းပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ နှုတ်မှုစွမ်းရည်များတိုးတက်ပြီး ပရိသတ်ရှေ့တွင် ပြောရဲ၊ ဆိုရဲ၊ ဆွေးနွေးရဲသည့် သတ္တိများရှိလာစေရန်၊ စာအုပ်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိလာပြီး စာပေတွင် မွေ့လျော်ကာ မိမိတို့၏ကိုယ်ပိုင်အချိန်များကို အကျိုးရှိစွာအသုံးချတတ်လာစေရန်၊ စာဖတ်ခြင်းဖြင့် စာဖတ်သက်ရင့်သန်လာမှုနှင့်အတူ အတွေးအခေါ်ကောင်းများရရှိပြီး အမှား၊ အမှန်ဝေဖန်ပိုင်းခြားနိုင်သည့် ဆင်ခြင်တုံတရားနှင့် အသိဉာဏ်ပညာများ ထက်မြက် ဖွံ့ဖြိုးရင့်သန်လာစေရန်၊ အခြေခံပညာမှ အဆင့်မြင့်ပညာအထိ အတန်းစဉ်အလိုက် ဘက်စုံထူးချွန်ထက်မြက်ပြီး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန်၊ ထိုမှတစ်ဆင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ကောင်းကျိုးများ စွမ်းဆောင်နိုင်သည့် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာ လူရည်ချွန်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်များဖြင့် အခြေခံပညာကျောင်းများ၌ လူငယ်စကားဝိုင်းများကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးညီဝင်းသူက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ပြီး အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ Grade-12 ကျောင်းသူ မမေမြတ်နိုးဇင်က လူငယ်နှင့် ပညာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-11 ကျောင်းသူ မခင်မျိုးစံပယ်က လူငယ်နှင့်လူကုန်ကူးမှုတိုက်ဖျက်ရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 ကျောင်းသူ မရတီဝင်းနိုင်က လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-12 ကျောင်းသူ မအိမြတ်နိုးဇင်က လူငယ်နှင့်ကျား၊မတန်းတူညီမျှရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 ကျောင်းသူ မမိုးပြည့်ပြည့်ဇော်က လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-11 ကျောင်းသား မောင်သုခဇော်က လူငယ်နှင့်နိုင်ငံတကာဆက်ဆံရေးခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား၊ကျောင်းသူများက ဆွေးနွေးချက်များအပေါ် သိရှိလိုသည်များကို မေးမြန်းရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး ဦးဆောင်ဆွေးနွေးသူမှလည်း မေးမြန်းသည့်အချက်များကို ပိုမိုပြည့်စုံရန် ပြန်လည်ဖြည့်စွက် ဖြေကြားဆွေးနွေးပေးခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျောင်းသား၊ကျောင်းသူများက မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်ပြဘုတ်များနှင့် သုတရသစာအုပ်များကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၆)



## ဆေးတက္ကသိုလ်(မန္တလေး)တွင် ကြက်ခြေနီအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ဆေးတက္ကသိုလ်(မန္တလေး) ကာကွယ်ရေးနှင့် လူမှုဆေးပညာဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ကြက်ခြေနီအကြောင်း သိကောင်းစရာ ဟောပြော ဆွေးနွေးပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ ဆေးတက္ကသိုလ် (A-1)စာသင်ခန်းမတွင် ကျင်းပခဲ့သည်။ (ယာပုံ)

ဟောပြောဆွေးနွေးပွဲသို့ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ဆရာ၊ ဆရာမများ နောက်ဆုံး အမ်ဘီဘီအက်စ်အပိုင်း(က)ပုံမှန်သင်တန်းမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်နှင့် တိုင်းဒေသကြီး ကြက်ခြေနီနည်းပြများက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ကြက်ခြေနီအကြောင်း သိကောင်းစရာများ ဟောပြောပို့ချပေးခဲ့ကြောင်း သိရသည်။

(၀၄၅)





ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

### လှမ်းလို့လာပေး မြို့မန္တလေး

* ရွှေမန်းမြို့ မြန်ပြည်ဆောင်လို့
တက်နေရောင် ဂုဏ်ပြောင်လင်း ။
မန္တလေးတောင် နန်းမြို့ကျုံးရယ်က
ပြုံးရွှင်ကြိုရင်း ။

* စည်ပင်သာ မြို့ရှုခင်းရဲ့
ရွှေအဆင်း သမိုင်းကျော်
လာရောက်ဖို့ခေါ် ။
ဖွံ့ဖြိုးလို့ သန့်ရှင်းသော်
ထင်ရှားပေါ် မြို့ရင်တွင်း ။
ဈေးချိုမှာ
အပြေးဆိုကာ ဈေးဝယ်နားလို့
ရွှင်လန်းမြင်ကွင်း ။

* ဗျာဒိတ်ဘုရား ဆုပန်နှင်းလို့
ဖူးမြော်ရင်း မန်းတောင်ရိပ်ခို ။
ကျုံးရေပြင် ရုပ်တိုက်ပြေးလို့
လေသွေးအေးချို ။
စည်တီးတဲ့ ပြည်ဗဟိုရ်
လာစေလို မိတ်သဟာများ ။
ဝပြောသာယာ အောင်မြေနန်းကို
လှမ်းခဲ့ပါလား ။ ။

**သူထက်ဆန်း(မန္တလေး)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့ ။

# သတင်းပဒေသာ

## လူရည်ချွန်စိစစ်ရွေးချယ်ပွဲ ကျင်းပ

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ကျောင်းသားလူငယ်များအဖြစ် လေ့ကျင့်ပျိုးထောင်ရန် ရည်ရွယ်ပြီး လူရည်ချွန်စီမံကိန်းများ ဆောင်ရွက်ရန် လူရည်ချွန်စိစစ်ရွေးချယ်ပွဲကို စေတုတ္တရာမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၅ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

လူရည်ချွန်စိစစ်ရွေးချယ်ပွဲသို့ အ·ထ·က ကျောင်းအုပ်ဆရာကြီး ဦးသိန်းဇော် ကြီးကြပ်လျက် Grade-9 တွင် ကျား ၃ဦး၊ မ၃ဦး၊ ပေါင်း၆ဦးတို့အား ဖြေဆိုချိန် ၁း၃၀ သတ်မှတ်ထားပြီး၊ Grade-10 တွင် ကျား ၄ဦး၊ မ၄ဦး၊ ပေါင်း၈ဦးနှင့် Grade 11 တွင် ကျား၃ဦး၊ မ၃ဦး၊ပေါင်း၆ဦး၊ Grade-12တွင် ကျား၂ဦး၊ မ၂ဦး၊ ပေါင်း၄ဦးတို့သည် ဖြေဆိုချိန် ၂နာရီ သတ်မှတ်ပေးထားကြောင်း မြန်မာစာနှင့် အင်္ဂလိပ်စာဘာသာ ဖြေဆိုကြမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေချိုငါးကြီးပမ်းခြင်းလုပ်ငန်းများ စတင်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်ရှိ ရေလုပ်သားများသည် ရေချိုငါးကြီးဖမ်းရာသီကာလ ရောက်ရှိလာသည့်အတွက် အဓိက လုပ်ကိုင်ဆောင်ရွက်ကြသည့် ရေချိုငါးကြီးဖမ်းခြင်းလုပ်ငန်များကို စတင်ဆောင်ရွက်ကြသည်။ ဆိပ်ဖြူမြို့နယ်တွင် ဧရာဝတီမြစ်ကို အမှီပြု၍ ရေချိုငါးဖမ်းခြင်းလုပ်ငန်းကို ဆိပ်ဖြူမြို့ပေါ်ရပ်ကွက်ရှိ ဆိပ်ကမ်းသာ၊ ရေလယ်သောင်၊ ကျီးပင်ကျေးရွာနေ ပြည်သူများက မိသားစုဝင်ငွေရရှိရေး၊ ဒေသခံပြည်သူများအတွက် သား၊ ငါးကဏ္ဍ စားသောက်နိုင်ရေးတို့အတွက် အဓိကထား လုပ်ကိုင်ဆောင်ရွက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည် ပြိုင်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ် ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၅ရက် နံနက် ၉နာရီက စတင်ကျင်းပခဲ့သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကသာမြို့နယ် အဆင့်အနေဖြင့် အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် အခြေခံပညာမူလတန်းအဆင့်နှင့် အခြေခံပညာ အလယ်တန်းအဆင့်တို့မှ ယှဉ်ပြိုင်ကြသူ စုစုပေါင်း ၁၅၈ဦးရှိပြီး ကသာမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ အသီးသီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပျားမွေးမြူရေးဆိုင်ရာ ပညာရပ်ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချ

အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲမှ ကျောင်းသား၊ ကျောင်းသူများအား ယမန်နေ့က ပျားမွေးမြူရေးဆိုင်ရာ ပညာရပ်ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ်နှင့် လူငယ်ရေးရာအသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ မိုင်းယွန်းကျေးရွာအုပ်စု၊ ပိန်းခမ်းကျေးရွာတွင် သဘာဝဘေးအန္တရာယ်နှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီက ပိန်းခမ်းကျေးရွာ ဘုန်းကြီးကျောင်းတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအားလွန်က အဖွင့်အမှာစကား ပြောကြားသည်။ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်စန္ဒာရွှေက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကြောင်းအရာများအား အသိပညာပေး ဟောပြောခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းသို့ ငွေလှူဒါန်း တစ်နေ့စာ ကျွေးမွေး



**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ မန္တလေး-ရန်ကင်းတောင်သွားလမ်းရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းသို့ စေတနာရှင်များက အလှူငွေနှင့် ဆေးပစ္စည်းများ လှူဒါန်းခြင်း၊ တစ်နေ့တာ ထမင်းကျွေးမွေး လှူဒါန်းခြင်းများ ပြုလုပ်လျက်ရှိရာ နိုဝင်ဘာ၄ရက်က ဦးကျော်သိန်းခိုင်+(ဒေါ်ဖြူဖြူမြင့်)၊ (သမီး) မမြတ်ဇေကရီခိုင် (KTK Electrical Engineering Co.Ltd)က ဆေးပဒေသာပင် ငွေကျပ်၁၀သိန်း၊ မုံရွာမြို့နေ ဦးမြို့+ဒေါ်ခင်မြို့၊ (သား)မောင်မောင်ချွန် (စိန်ရွှေရတနာဆိုင်)က ငွေကျပ်၅သိန်း၊ မန္တလေးမြို့နေ ဦးကျော်မင်းထွန်း+ဒေါ်စီစီထွန်း (CAP)မိသားစုက တစ်နေ့တာ အာဟာရကျွေးရန် ငွေကျပ် ၃သိန်း နံနက်စာ ပလာတာ၊ ကော်ဖီ၊ နေ့လယ်စာ ငါးကြင်းချက်၊ ထမင်းတို့ကို ကျွေးမွေးလှူဒါန်းရာ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းအုပ်ချုပ်ရေးမှူး ဒေါ်ခင်အေးမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ (ဓာတ်ပုံ)

ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းသို့ လှူဒါန်းလိုပါက ဖုန်း ၀၉-၇၇၉၀၃၁၄၀၅ နှင့် ၀၉-၆၆၄၀၅၂၆၃၁(viber) တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၄၅)

## ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာအောင်ဘွဲ့နှင်းသဘင် ဆက်ကပ်ခြင်းအခမ်းအနား ကျင်းပ

**ဟိုပုံး နိုဝင်ဘာ ၆**



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် နာဂပုရသာသနာလင်္ကာရအသင်းမှ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ (စတုတ္ထအကြိမ်မြောက်) နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူသော သံဃာတော်၊ သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၉ နာရီခွဲက နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ စာမေးပွဲတွင် မြန်မာနိုင်ငံအရပ်ရပ် ကျောင်းပေါင်း၂၃၅ကျောင်းမှ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၂၄၈၇ပါး ဝင်ရောက်ဖြေဆိုခဲ့သည်။ ထို့ကြောင့် စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့သည့် ဥပစာတန်း ရဟန်း၊ သာမဏေ၊ သီလရှင် အပါး၆၀၊ မူလတန်းအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၁၅၂ပါး၊ ပထမအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၆၉၀ပါး၊ ဒုတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၁၄၃ပါး၊ တတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၆၄ပါး စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၁၁၀၉ပါး ဖြေဆိုအောင်မြင်ခဲ့သည်။

ထို့နောက် စာအောင်သံဃာတော်များအား ဆွမ်းဆန်လောင်းလှူပွဲ ကျင်းပရာ သံဃာတော်၊ သီလရှင်များ တစ်တန်းလျှင် အပါး၁၁၀၊ အတန်း၁၀တန်းဖြင့် စာအောင်ဘွဲ့နှင်းသဘင် ဆက်ကပ်ခြင်းအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၈)

* - * - * - *

* - * - * - *

## မန္တလေးတက္ကသိုလ် ပထဝီဝင်မိသားစု (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးတက္ကသိုလ် ပထဝီဝင်မိသားစု (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ၄ရက်က ပထဝီဝင်ဌာနတွင် ကျင်းပခဲ့ရာ ပထဝီဝင် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

(၁၇)ကြိမ်မြောက် မန္တလေးတက္ကသိုလ် ပထဝီဝင်မိသားစု အာစရိယပူဇော်ပွဲတွင် ကန်တော့ခံဆရာ၊ ဆရာမကြီး ၈ဦးအား ဒီဇင်ဘာ၂၁ရက်နှင့် ၂၂ရက်နေ့တွင် မန္တလေးမြို့ပေါ်ရှိ ဆရာ၊ ဆရာမကြီးများအား အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ကြမည်ဖြစ်ပြီး အလှူငွေများကို သက်ဆိုင်ရာသူငယ်ချင်း အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး အဖွဲ့များထံ ထည့်ဝင်နိုင်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ခရိုင်ပြည်သူ့ဆေးရုံတွင်သွေးလှူဒါန်းခြင်းများ ဆောင်ရွက်



**သရက် နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများမှ ရွှေသက်လွတ်ဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ခရိုင်ပြည်သူ့ဆေးရုံတွင် သွေးလှူဒါန်းခြင်းများကို ယမန်နေ့ နံနက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက ရွှေသက်လွတ်ဘုရားဝင်းအတွင်း တံမြက်စည်းလှည်းခြင်း၊ အမှိုက်များသိမ်းခြင်းနှင့် ပန်းကပ်လှူခြင်းကို ဆောင်ရွက်ခဲ့ပြီး ခရိုင်ပြည်သူ့ဆေးရုံတွင် သွေးလှူဒါန်းခဲ့ကြသည်။ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုနှင့် သွေးလှူဒါန်းမှုများကို ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအား အားဖြည့်အချိုရည်နှင့် အားဖြည့်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဓာတ်ပုံ)

**ဇော်ဝမ်းထွန်း(အောင်လံ)**

* - * - * - *

# ၂၇ နှစ်တာ မန္တလေးနေ့စဉ် ဖြတ်သန်းခြင်း

ညအခါ လမင်းကြီးသာမှ တင့်တယ်နိုင်သကဲ့သို့ လူသားတို့၏ဘဝတွင်လည်း ဆရာရှိမှ တင့်တယ်နိုင်ပါတယ်။ လှိုင်းနှင့်ကင်းတဲ့ သမုဒ္ဒရာသည် မရှိနိုင်သကဲ့သို့ ဆရာနှင့်ကင်းတဲ့ လူသားဟူ၍ မရှိနိုင်ပါ။ လူတိုင်းတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူသော ဆရာတစ်မျိုးမျိုးတော့ ရှိကြမှာပါ။ ဆရာကောင်း၊ ဆရာမြတ်တို့ရဲ့ အရိပ်အာဝါသတွင် ခိုလှုံခွင့်ရရှိသူများက အောင်မြင်ထွန်းပေါက်ခဲ့ကြသည်မှာ မြေကြီးလက်ခတ်မလွဲပါလို့ ဆိုချင်ပါတယ်။

ဆရာ့ ဆရာတွေထဲမှာ ဆရာနတ်မောက်ထွန်းရှိန်၏ တပည့်ဖြစ်ခွင့်ရတာတော့ စာရေးသူအနေနှင့် ယနေ့ချိန်ထိ ဂုဏ်ယူမဆုံးဖြစ်နေတုန်းပါ။

၁၉၉၇ခုနှစ် ဩဂုတ်လဆန်းပိုင်းလောက်ကဖြစ်တယ်။ အဲဒီနေ့နံနက်ပိုင်းက မိုးအနည်းငယ်ရွာနေတယ်။ မိုးရွာနေသဖြင့် အိပ်ရာကမထချင် အမေက "ဟဲ့ ငါ့သား မင်းဆရာနတ်မောက်ထွန်းရှိန်နဲ့တွေ့ဖို့ ချိန်းထားတယ်မို့လား အိပ်ရာကထတော့လေ"ဟု အမေကပြောလိုက်မှ အိမ်အလုပ်လုပ်စရာရှိတာလုပ်ပြီး မိုးရွာထဲ ဆရာနတ်မောက်ထွန်းရှိန်(စာတည်းမှူးချုပ်)အဖြစ် ဆောင်ရွက်နေတဲ့ မန္တလေးနေ့စဉ်သတင်းစာတိုက်ရှိရာ မန္တလေးစည်ပင်သာယာရေးကော်မတီရုံးကို ရောက်ခဲ့တယ်။

အမှန်ပြောရရင် မန္တလေးနေ့စဉ်သတင်းစာတိုက်မှ ဆရာနဲ့အတူအလုပ်လုပ်ဖို့ ကျွန်တော့်သူငယ်ချင်း ဆရာရဲ့သားဖြစ်သူ ကိုမျိုးမင်းထွန်းရဲ့ တိုက်တွန်းချက်ကြောင့်ပါတယ်။ စာပေကိစ္စဆိုတော့ ကိုယ်တိုင်ကလည်း ဝါသနာပါတာက တစ်ကြောင်းပေါ့။ ဆရာ့သားအငယ်ဆုံး ကိုမျိုးမင်းထွန်းက စာရေးသူနဲ့ စိန့်ပီတာ အ·ထ·က(၉)မှာ ကျောင်းနေဖက် သူငယ်ချင်းပါ။ နောက်ပြီး ဆရာ့ရဲ့မိသားစုက ကျွန်တော့်မိသားစုလိုပါ။ ဘာပဲဖြစ်ဖြစ် ယနေ့အချိန်ထိ စောင့်ရှောက်ပေးနေတဲ့ ကျေးဇူးကိုတော့ စာရေးသူ မမေ့ပါဘူး။ သူငယ်ချင်းအဖေ ဆရာနတ်မောက်ထွန်းရှိန်က စာရေးသူရဲ့အဖေလိုပါပဲ။ ယနေ့ထိ ဆရာရဲ့ လမ်းညွှန်ဆုံးမမှုတွေ စာပေပညာ သင်ကြားပေးတာတွေ မေ့လို့မရတာအမှန်ပါ။

ဆရာနတ်မောက်ထွန်းရှိန်ရှိတဲ့ မန္တလေးနေ့စဉ်သတင်းစာတိုက်ကို စာရေးသူ မဝင့်မရဲ ရောက်ရှိခဲ့ပါတယ်။ ဆရာနဲ့တွေ့တော့ ဆရာက "လာကွ အောင်မင်းဦး ခဏထိုင်အုံး အယ်ဒီတာအဖွဲ့တွေရောက်ရင် မင်းကို သူတို့ဆီ အပ်ပေးမယ်။ မိတ်ဆက်ပေးမှာပေါ့ကွာ။ အချိန်အနည်း



ငယ်အတွင်း အယ်ဒီတာအဖွဲ့တွေ ဆုံလာတယ်။ ဆရာနတ်မောက်ထွန်းရှိန်က စတင်မိတ်ဆက်ပေးတယ်။ "ဒါက ဦးအုန်းခိုင်(စစ်ကိုင်းမင်းအောင်)၊ ဒါက ဦးသန်း(မောင်သန်း-မဟာဝိဇ္ဇာ)၊ ဒါကတော့ ဦးကဲသာ(ကာတွန်းတွတ်တွတ်)၊ ဒါက ကိုရွှေမော်(မြောက်ပြင်တော်က ကိုရွှေမော်)"လို့ ဆရာက မိတ်ဆက်ပေးရှာတယ်။ နောက်ပြီး ကျွန်တော့်ကိုလည်း "ဒါကတော့ အောင်မင်းဦးပါ ကျွန်တော့်သားငယ်ရဲ့ သူငယ်ချင်းပေါ့။ ကျွန်တော့်သားလိုပါပဲ"လို့ ဆရာက မိတ်ဆက်ပေးတော့ သားအဖြစ် အသိအမှတ်ပြုပြီး မိတ်ဆက်ပေးတဲ့ဆရာကို ယနေ့အချိန်ထိ ကျေးဇူးတင်လို့ မဆုံးပါဘူး။ နောက်ပြီး သတင်းစာပညာရှင်၊ သတင်းစာဆရာတွေနဲ့ တွေ့ရဆုံရတာလည်း ဂုဏ်ယူလို့မဆုံးပါဘူး။ အဲဒီတုန်းက မန္တလေးနေ့စဉ်သတင်းစာကို နှစ်ပတ်တစ်ကြိမ် အစမ်းထုတ်တဲ့ကာလဖြစ်တယ်။ အဲဒီနေ့မှာဘဲ ဆရာနတ်မောက်ထွန်းရှိန်နှင့် အယ်ဒီတာအဖွဲ့၊ ကွန်ပျူတာအဖွဲ့၊ စာပြင်အဖွဲ့တွေ အလုပ်လုပ်တာ စာရေးသူကိုယ်တိုင် လေ့လာပါတော့တယ်။ စိတ်ကတော့ မှန်းမိပါတယ်။ အော်-- သတင်းစာအလုပ်က အဆင့်ဆင့်သွားရတာကိုး၊ နက်နဲခက်ခဲလှတဲ့ သတင်းစာအလုပ်ပါလို့ မှတ်ချက်ပြုမိပါတယ်။ နောက်ရက်တွေမှာလည်း စာရေးသူ ပုံမှန်သတင်းစာတိုက်ကို ရောက်ခဲ့ပါတယ်။ စာရေးသူ သတင်းစာတိုက်ရောက်တော့ လုပ်ဖော်ကိုင်ဖက် သတင်းစာတိုက်ဝန်ထမ်းတွေနဲ့ တွေ့တယ်။ သူတို့က စာရေးသူအပေါ် ရယ်ရယ်မောမောနဲ့ ဆက်ဆံတာမြင်တော့ စာရေးသူ သတင်းစာတိုက်အလုပ်ကို ပိုလုပ်ချင်လာတယ်။ လုပ်ငန်းခွင်မှာ ပျော်လာတယ်။



ခဏအကြာမှာတော့ ဆရာဦးငွေအောင် ရောက်လာတယ်။ ဆရာဦးငွေအောင်က "မင်းလားကွ ဆရာရှိန်ရဲ့ သားတပည့်ဆိုတာ။ ဟုတ်ပါတယ်ဆရာ"လို့ စာရေးသူနှုတ်ဆက်ပါတယ်။ အေးကွ ဆရာရှိန်က စကားပြောနည်းတယ်။ သူ့အလုပ်သူပဲ အာရုံစိုက်လုပ်တာကွ။ ငါကိုယ်တိုင် ဆရာရှိန်ကို မန္တလေးနေ့စဉ်သတင်းစာတိုက်မှာ စာတည်းမှူးချုပ်လုပ်ဖို့ အခက်အခဲတွေကြားက ခေါ်ခဲ့ရတာ။ စည်းရုံးခဲ့ရတာပေါ့ကွာ။ ငါကတော့ မန္တလေးနေ့စဉ်သတင်းစာမှာ သတင်းထောက်ချုပ် လုပ်နေတာပေါ့။ မင်းကတော့ ဆရာရှိန်တပည့်ဖြစ်ခွင့်ရတာ အင်မတန်ကံကောင်းတယ်။ မင်းကြိုးစားကွာလို့ ဆရာဦးငွေအောင်က ပြောပြတယ်။ စာရေးသူလည်း ဩဂုတ်လမိုးနဲ့အတူ သတင်းစာအစမ်းထွက်ဖို့ ဆောင်ရွက်နေတဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဖြတ်သန်းခဲ့ပါတယ်။

သတင်းစာတိုက်ကို မနက်စောစောရောက်တယ်။ သန့်ရှင်းရေးလုပ်၊ ဘုရားပန်းအိုးတွေလဲရတာ စာရေးသူအလုပ်ပါ။ ဆရာနတ်မောက်ထွန်းရှိန်တပည့်ဆိုပေမဲ့ အခွင့်အရေးမယူဘဲ ရှိသမျှ၊ ခိုင်းသမျှအလုပ်တွေအားလုံး သိမ်းကျုံးလုပ်ဖို့ စာရေးသူဝန်မလေးပါဘူး။

သတင်းစာအစမ်းထုတ်တဲ့ကာလကို ဖြတ်သန်းရင်း ပထမအကြိမ်သတင်းစာအစမ်းထွက်ဖြစ်ခဲ့ပါတယ်။ စာမျက်နှာ ၁၄ မျက်နှာ အဖြူ၊ အမည်းသတင်းစာထွက်ပါပြီ။ ဆရာနတ်မောက် အပါအဝင် သတင်းစာတိုက်က ဝန်ထမ်းတွေ ပျော်နေတာမြင်တော့ ကျွန်တော်မှတ်ချက်ပြုမိတာက သတင်းစာတိုက်ဝန်ထမ်းအားလုံးရဲ့ စည်းလုံးညီညာ အောင်ကြောင်းဖြာဟု ဆိုရမှာဖြစ်ပါတယ်။ မန္တလေးနေ့စဉ်သတင်းစာအစမ်းထုတ်တဲ့ကာလမှာ စက်တင်ဘာလက နှစ်ပတ်တစ်ကြိမ် အစမ်းထုတ်တာဖြစ်ပါတယ်။ ဒုတိယအကြိမ် သတင်းစာအစမ်းထွက်ဖို့ ပြင်ကြ၊ ဆင်ကြ သတင်းထောက်တွေက သတင်းလိုက်ကြ၊ အယ်ဒီတာတွေက သတင်းတွေ စိစစ်ကြ၊ ကွန်ပျူတာ၊ စာပြင်၊ ရုံးအဖွဲ့ စသည်ဖြင့် သူ့နေရာနဲ့သူ အလုပ်တွေများလို့ ကျွန်တော်က လိုအပ်တာ ကူလုပ်တဲ့အဆင့်ဖြစ်ပါတယ်။

အဲ့ဒီစက်တင်ဘာလထဲမှာ မှတ်မှတ်ရရ မန္တလေးတောင်ခြေက သုခမ္မာဇရပ်အပေါ် ခေါင်မိုးတွေ ရှေးမှုမပျက် ဆေးသုတ်နေတာကို သတင်းစာမှာ သတင်းဖော်ပြပေးဖို့ ဆရာနတ်မောက်ထွန်းရှိန်က သတင်းထောက် ကိုအောင်သင်းလှိုင်နဲ့ လိုက်သွားဖို့ ပြောလာပါတယ်။ ဆရာက သူ့ကိုယ်ပိုင်ဖလင်ကင်မရာကိုလည်း ဆရာရဲ့လွယ်အိတ်ထဲကနေ ကိုအောင်သင်းလှိုင်နဲ့ ကျွန်တော့်ကို ပေးလိုက်ပါတယ်။ ဆရာက "အောင်သင်းလှိုင်ရေ အောင်မင်းဦးကိုလည်း ကင်မရာရိုက်ကူးနည်းလေး ပြပေးလိုက်ကွာ"လို့ မှာလိုက်ပါတယ်။ အဲ့ဒီခေတ်က ဖလင်ကင်မရာအကြောင်းလေး အနည်းငယ် ပြောပြလိုပါတယ်။ ဖလင်တစ်လိပ်ကို ၃၆ ကွက်ပါပါတယ်။ ဆရာကတော့ ပြောပြလိုက်ပါတယ်။ ငါ ရှေ့မှာ ၁၀ကွက်လောက် သတင်းပုံတွေနဲ့ ဆောင်းပါးအတွက် ရိုက်ကူးထားတာရှိတယ်လို့ မှာလိုက်သေးတယ်။ ဒီလိုနဲ့ ကျွန်တော်နဲ့ ကိုအောင်သင်းလှိုင် စက်ဘီးစီးပြီး သုခမ္မာဇရပ်ကို သွားရောက်ခဲ့ကြတယ်။ သုခမ္မာဇရပ်နေရာ ရောက်ရောက်ချင်း ကိုအောင်သင်းလှိုင်က ကင်မရာအကြောင်း အနည်းငယ် ရှင်းပြပေးပါတယ်။ ကင်မရာမှာပါဝင်တဲ့ စပိတို့၊ အပါချာတို့ပေါ့။ ရိုက်မယ်ဆိုရင် ဖိုးကတ်ဖြတ်ဖို့ ဘယ်လိုချိန်ရတယ် အစရှိသည်ဖြင့် သင်ပြပေးခဲ့တယ်။ ကိုအောင်သင်းလှိုင်က သူကိုယ်တိုင်ရိုက်ပြီး ကျွန်တော့်ကို ကင်မရာပေးကိုင်ပါတယ်။ အမှန်တိုင်းပြောရရင် ကင်မရာလက်ထဲရောက်လာတော့ လက်တွေတုန်နေတာ အမှန်ပါ။ စိတ်ကို တည်ငြိမ်အောင်ထားပြီး ကိုအောင်သင်းလှိုင် ပြသတဲ့အတိုင်း ရိုက်ကြည့်ပါတယ်။ ခုခေတ်လိုတော့ ရိုက်ပြီးသားပုံတွေ ဖလင်ကင်မရာဖြစ်တော့ ပြန်ကြည့်လို့မရဘူး။ သုခမ္မာဇရပ်ကို ကျွန်တော်ကိုယ်တိုင် ရိုက်နေတုန်းမှာဘဲ ကိုအောင်သင်းလှိုင်က ငါ ကွမ်းသွားဝယ်လိုက်ဦးမယ်။ မင်းကြည့်ပြီး ရိုက်စရာရှိတာ ရိုက်ထားလိုက်ဆိုတော့ ကျွန်တော်လည်း သုခမ္မာဇရပ်တင်မဟုတ်ဘဲ မန္တလေးတောင်ကော နောက်ပြီး ကျုံးရဲ့အလှတွေပါ ရိုက်ဖြစ်သွားတယ်။ ကိုအောင်သင်းလှိုင် ပြန်ရောက်လာတော့ မင်းဘယ်နှစ်ကွက်လောက် ကင်မရာရိုက်ဖြစ်လည်းမေးတော့ ကင်မရာခလုတ်ဆွဲမရလို့ ရပ်လိုက်တယ်လို့ ပြောပြလိုက်တယ်။ ကိုအောင်သင်းလှိုင်က ပြန်ပြောပါတယ်။ "ဟာ ဒါဆို ဖလင်ကုန်တာကွ။ ငါတို့တော့ ဆရာကြီးက ဖလင်ကုန်လို့ ပြောခံရတော့မှာဘဲ။ ဘယ်တတ်နိုင်မလဲကွာ။ ဆရာကြီးကို ရှင်းပြတာပေါ့"လို့ ပြောပြီး ကျွန်တော်တို့ သုခမ္မာဇရပ်ကနေ သတင်းစာတိုက်ရှိတဲ့ စည်ပင်ရုံးကို ပြန်ခဲ့ကြတယ်။ သတင်းစာတိုက်ရောက်တော့ ဆရာကြီးဆီ ကင်မရာပြန်အပ်ပါတယ်။ ဆရာက "မင်းတို့အဆင်ပြေလား"လို့ မေးတော့။ ကျွန်တော် ဝင်ဖြေပါတယ်။ "ဟုတ်ကဲ့ဆရာ။ ဖလင်ကတော့ ကုန်ပြီ ရိုက်မရတော့ဘူး" လို့ ပြောပြတော့ ဆရာကြီးက ရယ်နေတယ်။ အေးကွာ ရပါတယ်။ ကင်မရာ စကိုင်တဲ့အချိန်ဆိုတော့ မြင်တာလေးတွေရိုက်ချင်မှာပဲ ထားလိုက်တော့"ဟု ရယ်ပြီးပြောပြတယ်။ ကျွန်တော်တို့ဆရာနတ်မောက်ထွန်းရှိန်က လွယ်အိတ်လေးလွယ်။ အဲ့ဒီလွယ်အိတ်ထဲမှာ လက်ကိုင်ပဝါလေးနဲ့စီးထားတဲ့ ကင်မရာတစ်လုံးရယ်၊ မှတ်စုစာအုပ်တစ်အုပ်ရယ် အမြဲပါတယ်။ အဲ့ဒါကတော့ ဆရာနတ်မောက်ရဲ့စတိုင်လ်လို့ ပြောရမှာဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်။)**

**အောင်မင်းဦး(မန္တလေးနေ့စဉ်)**

## ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်လ်ထရမ့်က ကာမာလာဟဲရစ်ကို အနိုင်ရရှိ



**ဝါရှင်တန် နိုဝင်ဘာ ၆**

၂၀၂၄ ခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်လ်ထရမ့်က ကာမာလာဟဲရစ်ကို အနိုင်ရရှိခဲ့ကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

ပြည်နယ်အသီးသီးရှိ ရွေးကောက်ပွဲနောက်ခံအဖွဲ့အစည်းများကပေးသော ထောက်ခံမဲရလဒ်အားလုံးကိုရေတွက်ပြီးသောအခါ ဒေါ်နယ်လ်ထရမ့်က ၂၇၇ မဲ ကာမာလာဟဲရစ်က ၂၂၄ မဲ ရရှိခဲ့သည်။

ထိုအဖွဲ့အစည်းများကပေးသော ထောက်ခံမဲအရေအတွက် ၂၇၀ ပြည့်လျှင် လက်ခံရရှိသော သမ္မတလောင်းကို သမ္မတအဖြစ်တင်မြှောက်ရမည့် အစဉ်အလာရှိသည်ကတစ်ကြောင်း၊ အနိုင်ရရန်သေချာသော ပြည်နယ်သုံးပြည်နယ်တွင် မဲနိုင်ခဲ့သည်ကတစ်ကြောင်းတို့ကြောင့် မဲအားလုံးကို ရေတွက်မပြီးသေးသည့်တိုင် ဒေါ်နယ်လ်ထရမ့်ကို ရွေးကောက်ပွဲနိုင်ပြီဟု သတ်မှတ်လိုက်ခြင်းဖြစ်သည်။

ဒေါ်နယ်လ်ထရမ့်နှင့် မိသားစု၊ ဂျေဒီဗန့်စ်နှင့် မိသားစုအပါအဝင် မဲဆွယ်စည်းရုံးရေးအဖွဲ့ခေါင်းဆောင်များပါမကျန် စုံညီစွာစုဝေးနေသော ပရိသတ်ကို အမေရိကန်ပြည်ထောင်စု၏ ၄၇ ဦးမြောက် သမ္မတဖြစ်လာမည့် ဒေါ်နယ်လ်ထရမ့်က မိန့်ခွန်းပြောကြားခဲ့သည်။

၎င်းရွေးကောက်ပွဲ အနိုင်ရသဖြင့် အိန္ဒိယ၊ တရုတ်၊ ရုရှား၊ ယူကရိန်း၊ အစ္စရေး၊ ဟားမတ်စ်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျပန်၊ တောင်အာဖရိက၊ ဆော်ဒီအာရေဗျ၊ ကာတာ၊ တူရကီ၊ အီဂျစ်ခေါင်းဆောင်အသီးသီးက ဝမ်းမြောက်သဝဏ်လွှာများ ပေးပို့ခဲ့ကြောင်း သိရသည်။

**Mon**

## အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု ကာကွယ်ရေးဝန်ကြီး ယိုဗ်ဂါးလန့်ကို ထုတ်ပယ်



**ဂျေရုဆလင် နိုဝင်ဘာ ၆**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုက ကာကွယ်ရေးဝန်ကြီး ယို့ဗ်ဂါးလန့်ကို နိုဝင်ဘာ ၅ ရက်တွင် ရာထူးမှ ရုတ်တရက် ထုတ်ပယ်လိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဂါဇာကမ်းမြောင်ဒေသနှင့် လက်ဘနွန်တွင် ဖြစ်ပွားနေသော စစ်မက်ရေးရာများနှင့် ပတ်သက်၍ ၎င်းစီမံကွပ်ကဲနေခြင်းကို အယုံအကြည်မရှိတော့သဖြင့် ထိုသို့ ထုတ်ပယ်လိုက်ခြင်းဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ကြေညာသည်။

၎င်း၏နေရာသို့ အစ္စရေးကတ်ဇ်ကို ချက်ချင်းပင် အစားထိုးခန့်အပ်လိုက်ကြောင်း သိရသည်။

**Mon**

လူပေါင်း ၂၁၇ ဦးထက်မနည်း သေဆုံးစေခဲ့သော ရေဘေးပြန်လည်ထူထောင်ရန် အစိုးရက ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံ ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၅ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် စပိန်ဝန်ကြီးချုပ် ပေဒရိုဆန်ချက်ဇ် ထုတ်ဖော်ပြောကြားစဉ်။ **Mon**






## အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တို တရုတ်နိုင်ငံသို့ အလည်အပတ်သွားရောက်မည်

**ဂျကာတာ နိုဝင်ဘာ ၆**

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တို တရုတ်နိုင်ငံသို့ ယခုအပတ်အတွင်း ချစ်ကြည်ရေး အလည်အပတ် သွားရောက်မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သမ္မတအဖြစ် ၎င်းအာဏာရပြီးနောက် တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ်သွားရောက်မည့် ခရီးစဉ်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

၎င်း၏သုံးရက်ကြာ တရုတ်ခရီးစဉ်အတွင်း သမ္မတရှီကျင့်ဖျင်၊ ဝန်ကြီးချုပ်လီချန်းတို့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရေး သံတမန်ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန် စီစဉ်ထားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒကို စွဲကိုင်ထားပြီး ကမ္ဘာ့နိုင်ငံအသီးသီးနှင့် သံတမန်ဆက်ဆံရေး ကောင်းမွန်သောအစဉ်အလာကောင်းရှိကြောင်း သိရသည်။

**Mon**



## ကမ္ဘာ့ပထမဆုံး သစ်သားဂြိုဟ်တုငယ်တစ်လုံးကို ဂျပန်နိုင်ငံမှ ပညာရှင်များ အောင်မြင်စွာလွှတ်တင်

**တိုကျို နိုဝင်ဘာ ၆**

ကမ္ဘာ့ပထမဆုံး သစ်သားဂြိုဟ်တုငယ်တစ်လုံးကို ဂျပန်နိုင်ငံမှ ပညာရှင်များ နိုဝင်ဘာ ၅ ရက်က အာကာသထဲသို့ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

ကျိုတိုတက္ကသိုလ်မှ သစ်တောသိပ္ပံပညာပါမောက္ခ ကောဂျိမူရတ ဦးဆောင်သော သုတေသီများသည် အလေးချိန် ၉၀၀ ဂရမ်သာရှိသည့် အဆိုပါ ဂြိုဟ်တုငယ်ကို တံတိုင်းမွှေးသားဖြင့် ဖန်တီးပြုလုပ်ခဲ့ကြသည်။

ကော်၊ ဝက်အူလှည့်စသောအရာများမသုံးဘဲ ရှေးရိုးလက်သမားနည်းလမ်းအတိုင်း ဖန်တီးခဲ့သည့် ထိုသစ်သားဂြိုဟ်တုငယ်ကို စပေ့စ်အိတ်ခ်စ်ဒုံးပျံဖြင့် အာကာသထဲသို့ ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

သစ်သားသည် ကမ္ဘာပေါ်နှင့်နှိုင်းစာလျှင် အာကာသထဲ၌ အောက်စီဂျင်နှင့် ရေတို့ကို မထိတွေ့ရသဖြင့် ပို၍ကြာရှည်ခံမည်ဟု ယူဆကြောင်း ပါမောက္ခ ကောဂျိမူရတက ရှင်းပြသည်။

သစ်သားဂြိုဟ်တုများ သက်တမ်းကုန်ပြီးနောက် ကမ္ဘာပေါ်သို့ပြုတ်ကျလာလျှင် တောက်လောင်ပြာကျပျောက်ကွယ်သွားရာမှ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ကျစေမည်ဟု အဆိုပါ ဂျပန်သုတေသီများ သုံးသပ်ယူဆကြောင်း သိရသည်။

**Mon**






## ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်၌ လေထုမညစ်ညမ်းစေရန် ကားနှင့် မော်တော်ဆိုင်ကယ်ဝင်ရောက်ခြင်း တားမြစ်

**ပဲရစ် နိုဝင်ဘာ ၆**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်၌ လေထုမညစ်ညမ်းစေရန် ကားနှင့် မော်တော်ဆိုင်ကယ် ဝင်ရောက်ခြင်းကို နိုဝင်ဘာလဆန်းမှစ၍ တားမြစ်ပိတ်ပင်နေပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မြို့လယ်ရပ်ကွက်အချို့သို့ ကားနှင့် မော်တော်ဆိုင်ကယ်များ ဝင်ရောက်ခြင်းမရှိအောင် သက်ဆိုင်ရာယာဉ်ထိန်းများ၏ အကူအညီဖြင့် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ပဲရစ်မြို့တော်ဝန် အန်းဟီဒါးလ်ဂိုးက ရှင်းလင်းပြောကြားသည်။

မြို့ပြများတွင် လေထုညစ်ညမ်းမှုကိုလျှော့ချနိုင်ရန် ဥရောပရှိ ရောမ၊ မီလန်၊ မက်ဒရစ် စသောမြို့များတွင်လည်း အလားတူ ကန့်သတ်တားမြစ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**Mon**

## ဆလိုပက်တောင်တက်သမား အွန်ဒရေဟူဆာကာ ဟိမဝန္တာတောင်တက်နေစဉ် ချောက်ထဲပြုတ်ကျ သေဆုံး

**ခတ္တမန္ဒူ နိုဝင်ဘာ ၆**

ထိပ်တန်းဆလိုဗက်တောင်တက်သမား အွန်ဒရေဟူဆာကာ မကြာသေးမီက ဟိမဝန္တာတောင်တက်နေစဉ် ချောက်ထဲသို့ ခြေချော်ပြုတ်ကျပြီး သေဆုံးသွားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၃၄ နှစ်အရွယ် ထိုတောင်တက်သမားသည် ကမ္ဘာပေါ်ရှိ အမြင့်ဆုံးတောင် ၁၀၀ အနက် ၉၉ နေရာတွင်ရှိသည့် လန်တန်းလီရန်းတောင်ကို အဖော်ဖြစ်သူ တောင်တက်သမား မရက်ဟိုလယ်ဆက်နှင့်အတူ တက်နေစဉ် ခြေချော်ပြီး ပြုတ်ကျရာမှ လုံခြုံရေးကြိုးပြတ်ကာ ရေခဲမြစ်ရှိရာချောက်ထဲသို့ ကျသွားခဲ့ခြင်းဖြစ်သည်။

မရက်ဟိုလယ်ဆက်က ၎င်းကို ကယ်ဆယ်ရန် ကြိုးဖြင့်အောက်သို့ဆင်းလိုက်သွားပြီး ရေခဲမြစ်ထဲမှဆွဲထုတ်ကာ ၄ နာရီကြာမျှ ၎င်းတို့နှစ်ဦး အတူရှိနေခဲ့ကြသည်။

အခင်းဖြစ်ချိန်တွင် တောင်ပေါ်၌ ရာသီဥတုဆိုးရွားသဖြင့် ကယ်ဆယ်ရေးသမားများ အလွန်နောက်ကျပြီးမှ ၎င်းတို့နှစ်ဦးထံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်း ဆောင်ရွက်



**တန့်ယန်း နိုဝင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းလုပ်ငန်းအား ယမန်နေ့နံနက် ၈ နာရီက အမှတ်(၃) ရပ်ကွက် ဗိုလ်ချုပ်လမ်း၊ မော်တော်ယာဉ်ရုံးရှေ့၌ တာဝန်ရှိဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ကြသည်။

အဆိုပါဆောင်ရွက်နေမှုတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိဌာနဆိုင်ရာများက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး ပြည်သူများသိရှိကာ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ရှောင်တခင်စစ်ဆေး၍ အသိပညာပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး အင်ပက်များ အခမဲ့ ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်**

**သရက် နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၄ ရက် နံနက် ၈ နာရီက မြို့မဈေးအတွင်းဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ ဖြန့်ဝေကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေး အသိပညာပေး ပြောကြားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**စော်ထက်(သရက်)**

## ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့ပေါ်ရှိ လက်ဆည်ရပ်ကွက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်မီးရှို့ပြီး အရပ်သားများကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့ပေါ်ရှိ လက်ဆည်ရပ်ကွက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၅ ရက်တွင် ဝင်ရောက်မီးရှို့ပြီး အရပ်သားများကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇီးကုန်းမြို့ပေါ်ရပ်ကွက်အတွင်း ဝင်ရောက်မီးရှို့ပြီး အရပ်သားများအား ဖမ်းဆီးခေါ်ဆောင်သည်ဆိုသည့် သတင်းမှာ မဟုတ်မှန်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကန့်ဘလူမြို့နယ်အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရပ်ကွက်/ကျေးရွာများအား မီးရှို့ခြင်း၊ ဒေသခံပြည်သူများကို ဥပဒေမဲ့ ဖမ်းဆီးခေါ်ဆောင်ခြင်းများ လုပ်ဆောင်မှုမရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများကသာ ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများကို ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူများ အသိပင်ဖြစ်သည်။




ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို ဖုံးကွယ်ပေးရန်၊ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၄ ရက် နံနက် ၈ နာရီခွဲက သက်သေများနှင့်အတူ ကလောမြို့နယ်၊ မြင်းမထိကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ပြည့်ဖြိုးအောင် မောင်းနှင်ပြီး မောင်စိန်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃,၀၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ပြည့်ဖြိုးအောင်(၂၉)နှစ်နှင့် မောင်စိန်(၃၃)နှစ်တို့အား ကလောမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူ ထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ပုသိမ်ထောင်ရှိ အကျဉ်းသားများထံ ပါဆယ်ပစ္စည်း ပေးပို့ခွင့်မရဟူသော ခေါင်းစဉ်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသား

**နေပြည်တော် နိုဝင်ဘာ ၆**

DVB TV News အမည်ခံ Facebook Page က အောက်တိုဘာ ၃၁ ရက်တွင် "ပုသိမ်ထောင်ရှိ အကျဉ်းသားများထံ ပါဆယ်ပစ္စည်း ပေးပို့ခွင့်မရ" ဟူသော ခေါင်းစဉ်ဖြင့် မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်ကိုစိစစ်ရာ ပုသိမ်အကျဉ်းထောင်၌ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ ထောင်ဝင်စာတွေ့ဆုံခြင်း၊ ပါဆယ်လက်ခံခြင်းများကို အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ပုသိမ်အကျဉ်းထောင်ရှိ ထောင်တာဝန်ခံအရာရှိသည် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ ထောင်ဝင်စာ ဧည့်တွေ့ခွင့်ကို တစ်လလျှင်တစ်ကြိမ်၊ ပါဆယ်ပစ္စည်းများ ပေးသွင်းခြင်းကို နှစ်ပတ်လျှင် တစ်ကြိမ် လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် လက်ရှိအချိန်ထိ အကျဉ်းသား၊ အချုပ်သားများအား ထောင်ဝင်စာ တွေ့ဆုံခွင့်ကို အကျဉ်းထောင်နည်းဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပြီး စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ပျမ်းမျှ နေ့စဉ် ၇၀ ခန့် ထောင်ဝင်စာ ဧည့်တွေ့ခွင့်နှင့် ပါဆယ်ပစ္စည်းများ ပေးသွင်းခြင်းကို လက်ခံဆောင်ရွက်ပေးခဲ့သဖြင့် DVB သတင်းပါ အချက်အလက်များသည် မှန်ကန်မှုမရှိကြောင်း သိရှိရသည်။

ပုသိမ်အကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူများ၏ မိသားစုဝင်တစ်ဦးဦးမှ ထောင်ဝင်စာ ဧည့်တွေ့ဖြစ်စေ၊ ပါဆယ်ပစ္စည်း ပေးသွင်းခွင့်ဖြစ်စေ ပေးပို့ခွင့်မရပါက တိကျစွာ တိုင်တန်းတင်ပြနိုင်ပြီး စစ်ဆေးဖော်ထုတ်ပေးမည်ဖြစ်ကာ အပြစ်ကျူးလွန်ကြောင်း တွေ့ရှိပါက အရေးယူမည်ဖြစ်သည့်အတွက် DVB Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင် လွဲမှားစေရန်နှင့် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် သတင်းဖော်ပြခြင်းသာဖြစ်သည်။

**သစ္စာ**

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၆**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၁နာရီက သက်သေများနှင့်အတူ နောင်ချိုမြို့နယ်၊ ညောင်ကုန်းကျေးရွာအနီးတွင် ဂမ်ဖန်နှင့် အောင်ထွန်းလင်းတို့အား မော်တော်ဆိုင်ကယ် ၂ စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေး ရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော စိတ်ကြွ ရူးသွပ်ဆေးပြား ၇၁,၆၀၀ ပြား၊ ဘိန်းဖြူ အလေးချိန် ၄၀ ဂရမ်နှင့် လက်ကိုင်ဖုန်း ၂ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဂမ်ဖန် (၂၃)နှစ်နှင့် အောင်ထွန်းလင်း(၃၆)နှစ်တို့အား ပိတ်ချင်းမြောင်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

**(အောက်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## အမျိုးသမီးများကို တရုတ်ယောကျ်ားနှင့်လက်ထပ်ရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန်စီစဉ်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၆**

အမျိုးသမီးများကို တရုတ်ယောကျ်ားနှင့် လက်ထပ်ရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၃၀ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်နေ ဒေါ်ချိုချိုစန်းက ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နေ မ---၊ ၃၀/၂၀၂၄ နှစ်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နေ မ---၊ ၁၅/၂၀၂၄ နှစ်နှင့် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နေ မ---၊ ၂၃/၂၀၂၄ နှစ်တို့ သုံးဦးကို တရုတ်ယောကျ်ားယူပါက ငွေကျပ်သိန်း ၁၀၀ ရရှိမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ရောက်ရှိမှသာ မိဘများထံသို့ ငွေများလွှဲပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သဖြင့် ပုသိမ်ကြီးမြို့နယ် အုန်းချောနယ်မြေရဲစခန်း (ပ)၇၀/၂၀၂၄၊ (ပ) ၇၁/၂၀၂၄၊ (ပ)၇၂/၂၀၂၄ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ တို့ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ အောင်မြေသာစံ ခရိုင်တရားရုံးမှ နိုဝင်ဘာ ၅ ရက်တွင် တရားခံဒေါ်ချိုချိုစန်းအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ တစ်မှုလျှင် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီဖြင့် စုစုပေါင်း နှစ် ၃၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၂)၊ ဦးပိုင်အမှတ်(၁၆-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၄)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးဝင်းမောင်(ဘ)ဦးရီစွတ်[၉/မနတ(နိုင်) ၀၃၁၁၇၆၊ WMDY-၃၂၄၈၃၇] အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးခင်(ဘ)ဦးကျိုန်ချိန်ကော(ခ)ဦးထွန်းအေး(ခ)ဦးလောကျုန်(၁/မညန(နိုင်)၀၃၅၇၄၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးသန်းရွှေ B.A (Hist), H.G.P**
**အထက်တန်းရှေ့နေ**
**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈**

**တစ်ဦးတည်းဖြစ်ပါကြောင်း** မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်မင်္ဂလာကွက်သစ်ရပ်ကွက်နေ မမြသီရိ၏ ဖခင်အမည်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်တို့အရ ဦးကျောက်ဒိုးနှင့် ဦးစိန်မင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျောက်ဒိုး(ခ)ဦးစိန်မင်း(၉/မနတ(နိုင်)၀၂၁၀၂၃)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၂)၊ ဦးပိုင်အမှတ်(၁၆/ခ)၊ ပေ (၂၀ × ၄၀) အကျယ်အဝန်းရှိသော မြေကွက်သည် ဦးမောင်ဝင်း အမည်ပေါက် မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသူ ဒေါ်ရီရီစိုး(ဘ)ဦးတင်စိုး(၁၃/တကန(နိုင်)၁၄၇၄၈၄) ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၂/၃၉၊ ၅၃(ဘီ)လမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၂၉၇၃၀၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၃)၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော (၁) ဦးနေဝင်းထွန်း(ဘ)ဦးမောင်မောင်(ခ)ဦးမှတ်(၉/အမဇ(နိုင်)၀၁၈၈၀၁)နှင့် (၂) ဒေါ်မေသဲစု(ဘ)ဦးသန်းမြင့်(၉/မပမ(နိုင်)၀၁၁၉၇၈)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မှူးမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ် (အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၆)၊ ဦးပိုင်အမှတ်(၉၆-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်အုန်းအုန်းမြ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်များအားလုံးတို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အုန်းအုန်းမြ(ဘ)ဦးကျော်အေး(၇/သဝတ(နိုင်)၀၁၀၄၁၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသင်ဦး (LL.B)**
**အထက်တန်းရှေ့နေ**
**အကွက်(ဃ-၂၀)၊ ကျွဲဆည်ကန်(၂)လမ်း၊ ချမ်းမြသာယာရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၂၅၀၇၄၇၃၃၊ ၀၉-၇၇၇၃၇၃၉၅၂**

## (၁)ဦးတင့်ဆွေ၊ (၂) ဦးခင်မောင်သန်း၊ (၃) ဦးမောင်မောင်၊ (၄) ဒေါ်ဘန်နူး(ခ)ဒေါ်မြင့်မြင့်သန်းနှင့် အများသိစေရန် ကြေညာခြင်း

ဦးနီတာ(ဘ)ဦးလှမောင်(၉/ပဘန(နိုင်)၀၀၉၈၁၇)၊ အမှတ်(၁၉၈)၊ ၈၂လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးတင့်ဆွေ(ပါ-၄)ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၁၇၁)၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ စစ်ကိုင်းတန်းဗလီဝင်းရှိ (၄၈ပေ×၄၈ပေ)မြေပေါ်ရှိ လေးခန်းတွဲ (၇)ထပ်တိုက်နှင့်ပတ်သက်၍ မြေရှင်များဖြစ်သည့် ဦးတင့်ဆွေ(ပါ-၄)ဦးနှင့်အတူ ဦးနီတာက (၃၁-၁၂-၂၀၁၂)ရက်စွဲပါ မြေရှင်နှင့် ကန်ထရိုက် သဘောတူစာချုပ်ဖြင့် လေးခန်းတွဲ (၇)ထပ်တိုက်အသစ် (၁)လုံးတည်ဆောက်ရန် မြေရှင်နှင့် ကန်ထရိုက်တို့ သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီး ဦးနီတာက အလိုက်ငွေကျပ် သိန်း (၁၀၀၀)ကို (၃၁-၁၂-၂၀၁၂)ရက်မှစပြီး လူနေထိုင်ခွင့်ရရှိသည့်အချိန်ထိ (၇)ရစ်ခွဲ၍ ပေးချေရန်သဘောတူညီခဲ့ကြပါသည်။ အဆောက်အအုံကို (၁၈)လအတွင်း ပြီးစီးအောင်ဆောက်လုပ်ရန် သတ်မှတ်ခဲ့ပြီး သတ်မှတ်ရက်အတွင်း ဆောက်လုပ်ပြီးစီးခြင်းမရှိပါက သတ်မှတ်ရက်ကျော်လွန်သည့်လမှစ၍ (၁)လလျှင် ငါးသောင်းကျပ်(၅၀၀၀၀/-)ကို ကန်ထရိုက်တာမှ မြေရှင်များအား ပေးဆောင်ပါမည်ဟု စာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ ထိုသို့ ချုပ်ဆိုခဲ့ပြီး ဦးတင့်ဆွေတို့က အလိုက်ငွေ သိန်း တစ်ထောင်ကျပ် အပြေအကြေရယူပြီးဖြစ်သော်လည်း ဦးတင့်ဆွေတို့က ကန်ထရိုက်တာအား သတ်မှတ်ရက် ကျော်လွန်၍ အဆောက်အအုံ ဆောက်လုပ်ခွင့်မပြုသောကြောင့် ကန်ထရိုက်တာ ဦးနီတာမှ မန္တလေးခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ် - ၆၅၄/၂၀၁၇ ဖြင့် တရားလိုက တရားပြိုင်များ အပေါ် "နှစ်ဦးသဘောတူ ကန်ထရိုက်စာချုပ်ပါ သဘောတူညီချက်များအရ ဆက်လက်ဆောက်လုပ်ခွင့်ရလိုမှု (သို့မဟုတ်) မြေရှင်များဘက်မှ ရယူထားသည့်အလိုက် ငွေကျပ် သိန်း ခြောက်ထောင်ရလိုမှု"ဖြင့် တရားစွဲဆိုခဲ့ပြီး ဦးတင့်ဆွေတို့ဘက်မှလည်း မန္တလေးခရိုင်တရားရုံးတော်၌ တရားမကြီးမှုအမှတ် - ၄၅၀/၂၀၁၈ ဖြင့် "သတ်မှတ်ကာလအတွင်း ကန်ထရိုက်က အပြီးတည်ဆောက် လက်ရောက်အပ်ပါမည်ဟုဆိုသော ကတိအတိုင်း ဆောင်ရွက်ခပေးသဖြင့် လျော်ကြေးငွေကျပ် သိန်း ခြောက်ထောင်ရလိုမှု"ဖြင့် တရားစွဲဆိုခဲ့ရာ မန္တလေးခရိုင်တရားရုံးတော်မှ ကန်ထရိုက်တာနှင့် မြေရှင်တို့အပြန်အလှန်စွဲဆိုသည့် အမှုနှစ်မှုလုံးအား စရိတ်နှင့်တကွ ပလပ်ခဲ့ပါသည်။ ဦးတင့်ဆွေတို့ဘက်မှ ၎င်းတို့စွဲဆိုသည့် တရားမကြီးမှုအမှတ် - ၄၅၀/၂၀၁၈ အပေါ် အဆင့်မြင့်တရားရုံးအဆင့်ဆင့်သို့ အယူခံတက်ရောက်ခဲ့ခြင်းမရှိပါ။ ကန်ထရိုက်တာ ဦးနီတာမှ တရားမကြီးမှုအမှတ် - ၆၅၄/၂၀၁၇ အမှုအား ပလပ်သည့်အမိန့်အပေါ် အယူခံရုံးများသို့ အဆင့်ဆင့်တက်ရောက်နေရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အထူးအယူခံတက်ရောက်တင်ပြထားပြီး ဖြစ်ပါသည်။

သို့ပါသောကြောင့် မြေရှင် ဦးတင့်ဆွေ(ပါ-၄)ဦးနှင့် ကန်ထရိုက်တာ ဦးနီတာတို့ (၃၁-၁၂-၂၀၁၂)ရက်စွဲပါ နှစ်ဦးသဘောတူချုပ်ဆိုထားသည့် စာချုပ်အား အခြေခံ၍ စွဲဆိုထားသည့်အမှုမှာ ယနေ့အချိန်ထိ အလုံးစုံအပြီးပြတ်သေးသည်မဟုတ်သောကြောင့် (၃၁-၁၂-၂၀၁၂)ရက်စွဲပါစာချုပ်ရှိ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၁၇၁)၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ စစ်ကိုင်းတန်းဗလီဝင်းရှိ (၄၈ပေ×၄၈ပေ)မြေပေါ်ရှိ လေခန်းတွဲ (၇)ထပ်တိုက်အဆောက်အအုံနှင့်ပတ်သက်၍ ဆက်လက်ဆောက်လုပ်ခြင်း၊ ရောင်းချခြင်းများ ပြုလုပ်နေကြောင်း ကြားသိရသည့်အတွက် ယခုသတင်းစာပါသည့်ရက်မှစ၍ ဆက်လက်ဆောက်လုပ်နေခြင်းအား ရပ်ဆိုင်းပြီး ရောင်းချခြင်းများ မပြုလုပ်ရန်နှင့် ဆက်လက်ဆောက်လုပ်ခြင်း၊ ရောင်းချခြင်းများပြုလုပ်ပါက ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို မြေရှင် ဦးတင့်ဆွေ(ပါ-၄)ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဦးနီတာ**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေကျော် [LL.B,D.B.L,D.I.L,DL(101),WIPO(Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၅၉/ ၂၀၁၆)**
**ဒေါ်အေးအေးမော် (LL.B)၊ အထက်တန်းရှေ့နေ (စဉ်-၅၅၃၄၈/ ၂၀၂၂)**
**အမှတ်(၆/၃-က၊၄-က)၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၂စီလမ်းနှင့် ၁၀၂လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။**
**ဖုန်း ၀၉-၄၂၅၁၄၀၄၀၄၊ ၀၉-၂၆၅၇၆၀၀၀၃**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်မည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန်ရောက်ရှိနေသည့် ဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်မည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးအပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေးသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**သီးခြားစီတွေ့ဆုံဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet နှင့်အဖွဲ့ဝင်များအား Green Lake ဟိုတယ်၌လည်းကောင်း၊ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone နှင့် အဖွဲ့ဝင်များအား HUALUXE Kunming ဟိုတယ်၌လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် လက်ရှိပကတိအခြေအနေများ၊ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တစ်ရပ် ကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အာဆီယံအစည်းအဝေးများတွင် မြန်မာနိုင်ငံမှ ပါဝင်နိုင်မှု အခြေအနေများ၊ မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် လိုအပ်သည့် အခြေအနေများနှင့် ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့ကလည်း အတတ်နိုင်ဆုံး ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone နှင့် တွေ့ဆုံဆွေးနွေးစဉ်။

စာမျက်နှာ ၇ သို့

## စလင်းကွင်းတွင် ရတနာပုံ(ယူ-၂၀)အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်း အနိုင်ယူ

**ရန်ကုန် နိုဝင်ဘာ ၆**

ယနေ့ MNL Youth League ပွဲစဉ်အဖြစ် စလင်းကွင်းတွင် ရန်ကုန်ယူနိုက်တက် (ယူ-၂၀) အသင်းနှင့် ရတနာပုံ (ယူ-၂၀) အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်လူငယ်အသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲချိန်ပထမပိုင်းတွင် အပြန်အလှန် တိုက်စစ်ဆင်ကစားမှုများနှင့် ကြည့်ကောင်းသည့် ပွဲစဉ်ကောင်းတစ်ပွဲဖြစ်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်လူငယ်အသင်းက ပွဲချိန် (၁၉) မိနစ်တွင် လမင်းပြည့်စုံက သွင်းဂိုးဖြင့် ပထမပိုင်းကို ဦးဆောင်ထားသည်။ ပွဲချိန်ဒုတိယပိုင်းတွင် နှစ်ဖက်စလုံး ဂိုးရရှိရေးအတွက် ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂိုးများကိုမြင်တွေ့ရတော့ခြင်း မရှိခဲ့ဘဲ ပထမပိုင်းရလဒ်အတိုင်း ရတနာပုံ (ယူ-၂၀) အသင်းကို တစ်ဂိုး၊ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက် (ယူ-၂၀) အသင်းသည် လက်ရှိတွင် ၁၉ပွဲကစား၊ ၁၀ပွဲနိုင်၊ ၃ပွဲသရေ၊ ၆ပွဲရှုံး၊ ရမှတ် (၃၃) မှတ်နှင့် အဆင့် ၄ နေရာတွင်ရပ်တည်နေပြီး လာမည့် နိုဝင်ဘာ (၁၃) ရက်နေ့တွင် သစ္စာအားမာန်(ယူ-၂၀) အသင်းနှင့် ပဒုမ္မာ အားကစားကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

0-0-0-0-0




## ယနေ့ ဖတ်စရာအညွှန်း

ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးမှ အားကစားနည်း(၂၄)မျိုး ယှဉ်ပြိုင်မည် စာမျက်နှာ ၁၀

– – – – – –

မာ့ခ်ကာဆာဒီအား ယူရိုသန်း(၁၀၀)ရရှိပါက ဘာစီလိုနာအသင်း ရောင်းချဖွယ်ရှိ စာမျက်နှာ ၁၁

– – – – – –

လေထုထဲမှ သောက်သုံးရေသန့် ထုတ်ယူရရှိနိုင်ရန် မိနစ်(၃၀)သာ ကြာမြင့်မည့် နည်းလမ်းသစ် ရှာဖွေတွေ့ရှိ စာမျက်နှာ ၁၄

– – – – – –

(၂၇)နှစ်တာ မန္တလေးနေ့စဉ် ဖြတ်သန်းခြင်း(ဆောင်းပါး) စာမျက်နှာ ၁၇